မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၄)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္ဂနွေနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရာဂိမုန်တိုင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များအား ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၊ မေလတွင် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ရာဂိမုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးကို ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂိမုန်တိုင်းအရှိန်နှင့် ဆက်စပ်ရေကြီးမှုများကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်(၈)ခုတွင် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ရုံးအဆောက်အဦပျက်စီးမှုများအပါအဝင် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၂၄၄ ဘီလီယံကျော်၊

စာမျက်နှာ ၈ ကော်လံ ၁

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



နေပြည်တော် ဒီဇင်ဘာ ၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ်(၁၀၆-၇၂)မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ⏭

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

(၇.၁၂.၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ နှင့်အထက်ရှိသော စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ(၅,၃၃၀,၀၀၀) ကျပ်ဖြစ်သည်။ **(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)**

ရောင်စုံပျံသင်းစာပန်းခင်း — စာ - ၁၁ သို့

(၃၈)ဖြာမဂ်္ဂလာ
လမ်းမှန်ဖို့ပါ(ပဏ္ဍိတာနဥ္စ သေဝနာ)
သွေးချင်းတို့၏ တေးကဗျာ
မြတ်နိုးစရာကဗျာတစ်ပုဒ်

ဆောင်းပါး
အဂတိပယ်ခွာ ပြည်သာယာ — စာ - ၁၃ သို့



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်)

ပျော်ပျော်ရွှင်ရွှင်စိတ်ကြည်လင် အားကစားပြိုင်ပွဲဝင်

လူတိုင်းသည် မိမိတို့ဝါသနာပါရာအလုပ်တစ်ခုခုကိုလုပ်ကိုင်နေရလျှင် စိတ်ထဲတွင် အလိုလိုပျော်ရွှင်၍ စိတ်ကြည်လင်နေတတ်သည်။ အနုပညာတွင်ဝါသနာပါသူသည် အနုပညာလုပ်ငန်းဖြင့်လည်းကောင်း၊ စာရေးခြင်းဝါသနာပါသူသည် စာရေးခြင်းလုပ်ငန်းဖြင့်လည်းကောင်း ပျော်ရွှင်စွာလုပ်ဆောင်နေကြသည်။ ထို့အတူ အားကစားတွင်ဝါသနာပါသူသည် အားကစားလုပ်ဆောင်နေရလျှင် စိတ်ရွှင်လန်းပေါ့ပါးကြည်လင်နေပေလိမ့်မည်။ အားကစားဟုဆိုရာတွင် ပြေးခုန်ပစ်၊ ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ကြက်တောင်၊ စက်ဘီးစီး၊ ဂျူဒို၊ အလေးမ၊ ကရာတေး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဥရျူး၊ လက်ဝှေ့၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ ဘိလိယက်၊ စနူကာ၊ ပီတန်း၊ ခရစ်ကက် စသည်ဖြင့် အားကစားနည်းများကိုစုပေါင်း၍ ခေါ်ဆိုခြင်းဖြစ်သည်။ အားကစားသည်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်တစ်ခုဖြစ်သည်။ အားကစားတစ်ခုခုကိုထူးချွန်ပြောင်မြောက်စွာ ကစားနိုင်မည်ဆိုလျှင် ဘဝတစ်သက်တာအတွက် အသက်မွေးဝမ်းကျောင်းပညာကို ပိုင်ဆိုင်ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေးဟူသော လူမှုရေးဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးနှင့်အားကစားကဏ္ဍသည် ယှဉ်တွဲလျက်ရှိသကဲ့သို့ အဆိုပါကဏ္ဍနှစ်ခုနှင့်လူငယ်တို့သည် ဆက်စပ်လျက်ရှိသည်။ မျိုးဆက်သစ်လူငယ်များကို အကောင်းဆုံးပြုစုပျိုးထောင်ပေးနေခြင်းမှာ နိုင်ငံတော်အနာဂတ်ကိုအလှပဆုံးဖြစ်အောင်ဆောင်ရွက်နေခြင်းဖြစ်သည်။

အားကစားနှင့်ပတ်သက်လာလျှင် မြန်မာတို့သည်သမိုင်းကောင်းများရှိခဲ့သည်။ တစ်ချိန်က အရှေ့တောင်အာရှတွင် ထွန်းလင်းတောက်ပသော အားကစားခေတ်တစ်ခေတ်ကိုပိုင်ဆိုင်ခဲ့သည်။ အားကစားဆိုသည်မှာ စိတ်ခွန်အား၊ ကာယဗလခွန်အားတို့နှင့်အတူ အောင်စိတ်ကိုယှဉ်တွဲထားပါက အောင်မြင်ရမည်သာဖြစ်ကြောင်း သင်ခန်းစာယူစရာများရှိထားသည်။ ၂၀၁၃ ခုနှစ်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ဦးဆောင်ကျင်းပခဲ့ရသည်။ အဆိုပါအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများကို စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ်၊ ခမ်းနားထည်ဝါစွာကျင်းပခဲ့သည့် မြင်ကွင်းများမှာ မြန်မာဆိုသည့်ဂုဏ်ရိုနိုကို ပီပြင်စွာပြသနိုင်သည့်ပွဲတော်ဖြစ်ခဲ့သည်။ အဆိုပါ(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ၈၆ ခုဆွတ်ခူးရရှိခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုတိုင်ထိပ်မှာတင် မြန်မာနိုင်ငံတော်သီချင်းဖွင့်ပြီး (၈၆) ကြိမ်တိုင်တိုင် အလေးပြုရသည့်မြင်ကွင်းများမှာလည်း မျက်ရည်ကျရသည်အထိ ဝမ်းသာပီတိများဖြစ်ခဲ့ကြရသည်။

ယခုကျင်းပသည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စုစုပေါင်းအားကစားသမား ၁၂၀၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲ၏ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်တွင်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်အဆင့်အားကစားပွဲတော်ကြီးဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပမည်ဖြစ်ရာ အလွတ်ခုန်လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့်အမျိုးသားအားကစားပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့်အစီအစဉ်ပါဝင်သည်။ ရဟတ်ယာဉ်နှစ်စင်းဖြင့် အမြင့်ပေ ၆၀၀၀ မှ ရုစ်ယောက်တွဲခုန်ကြမည်ဖြစ်သည်။ အမြင့်ပေ ၆၀၀၀ မှ လေထီးအလွတ်ခုန်၍ သတ်မှတ်အမြင့်ပေ ၄၅၀၀ တွင်လေထီးဖွင့်ကာ အပေါ်မှအနိမ့်အမြင့်စီ ဆင်းသက်မည်ဖြစ်သည်။ လှပထူးခြားသောမြင်ကွင်း၊ ရင်သပ်ရှုမောဖွယ်မြင်ကွင်းကို မြင်တွေ့ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏အားကစားအဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရန် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့်အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံးအားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားများတွင် ပါဝင်လာစေရန်ဟူသည့် ဦးတည်ချက် (၅)ရပ်ဖြင့်ကျင်းပခြင်းဖြစ်သည်။ ယခုအခါ အဆိုပါအားကစားပွဲတော်အားကစားပြိုင်ပွဲ အုပ်စုပွဲ ပွဲစဉ်များကို ဒီဇင်ဘာလ ၂ ရက်မှစတင်ကာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသောအားကစားကွင်း/ရုံများ၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေကြပြီဖြစ်ပေရာ ပျော်ပျော်ရွှင်ရွှင်စိတ်ကြည်လင်နှင့်အားကစားပြိုင်ပွဲဝင်နေသူများကို မြင်တွေ့ရပါကြောင်း ရေးသားလိုက်ရပေသည်။ ။



မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

နေပြည်တော် ဒီဇင်ဘာ ၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်တဲကူးကျေးရွာရှိ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒဿမအကြိမ် ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝင်တဲကူးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၂၃၁ ဦးအား ဒဿမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၈ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။ **စိန်လွင် (ကျေးလက်)**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁၂-၂၀၂၄(တနင်္ဂနွေ)

၁။	၀၇:၂၅	ဓမ္မပူဇောတေး	၉။	၁၂:၁၀	Weekly National News
၂။	၀၇:၄၀	မျိုးချစ်တပ်မတော်	၁၀။	၁၂:၅၀	ရွှေမြန်မာမင်းများ၏
၃။	၀၈:၀၅	မောင်မယ်လေးများသိစေချင်			ခေါင်းဆောင်မှု
၄။	၀၈:၂၅	Movies and Movies	၁၁။	၁၃:၁၅	မျှဝေဆွေနွေးလူငယ့်အရေး
၅။	၀၈:၃၅	သုတရသစုံလင်	၁၂။	၁၄:၁၀	ဇာတ်လမ်းတို
		ဗဟုသုတပုံပြင်	၁၃။	၁၉:၀၀	(၃၈)ဖြာမင်္ဂလာ
၆။	၀၉:၄၅	အမှတ်တရနေ့ရက်များ			မာတာပိတု ဥပဋ္ဌာန်၊
၇။	၁၀:၅၀	စာပေအလင်းစာပေသတင်း			ပုတ္တဒါရဿသဂီဟော
၈။	၁၁:၂၀	ပြည်သူ့ကြားက	၁၄။	၁၉:၄၀	ယှဉ်ပြိုင်နွဲ့ပျော်
		ပြည်သူ့စကား			အမျိုးသားအားကစားပွဲတော်

မြဝတီ ခုနှစ်၌ The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၉၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀န်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀န်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား မြန်မာနိုင်ငံ၏ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ(၂)ရက်နေ့မှ (၇)ရက်နေ့အထိ ပါရာဂွေးသမ္မတနိုင်ငံ၊ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် "Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage" အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် အဓိကပါဝင်ကူညီပံ့ပိုးပေးခဲ့သော ဥက္ကဋ္ဌ ဒေါ်စန္ဒာခင် ဦးဆောင်သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အား လည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့်နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံရှိ ယူနက်စကိုဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်ဇေယျနှင့်သံရုံးဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းအားဖြည့်ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဂေါပကအဖွဲ့၊ ပုဂံမြို့အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်)၊ မြန်မာမြို့ပြနှင့်အခြေခံအဆောက်အအုံလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းနှင့် လူနာတင်ယာဉ်ကူညီမှုအသင်း(ညောင်ဦးမြို့)၊ ပုဂံညောင်ဦးဧည့်လမ်းညွှန်များအသင်း၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ စစ်ကိုင်းမြို့နယ်ရှေ့နေများအဖွဲ့၊ နန်းဦးမြို့သစ်လူငယ်များ ဘုံဆွမ်းလောင်းအသင်း(စစ်ကိုင်းမြို့)၊ မွန်မြတ်သော စေတနာပရဟိတအသင်း(စစ်ကိုင်းမြို့)၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့(စစ်ကိုင်းမြို့)၊ စစ်ကိုင်းမြို့မစျေးမှ စျေးသူစျေးသားများ၊ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ် စာရေးဆရာအသင်း၊ အောင်ဆန်းလူငယ်နာရေးကူညီမှုနှင့် ပရဟိတလူမှုအကျိုးပြုအဖွဲ့(နတ်မောက်မြို့)၊ မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၊ သာကီမဏ္ဍိုင် ရခိုင်ယဉ်ကျေးမှုအဖွဲ့(စစ်တွေမြို့)၊ စစ်တွေမြို့လုံးကျွတ်ရခိုင်ရိုးရာသင်္ကြန်ကျင်းပရေးကော်မတီတို့အားလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့် သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြောပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့်ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ ရန်ကုန်တက္ကသိုလ်၊ မနုဿဗေဒပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာစာဌာန၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ရန်အချက်အလက်များရှာဖွေစုဆောင်းပြုစု၍ ယူနက်စကိုသို့ အဆိုပြုစာတွဲများ အချိန်မီပေးပို့တင်သွင်းနိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့ကြသော သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများအား လည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့အထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း၊ ဤစာဖြင့်ဖော်ပြရာတွင် မပါဝင်ခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကိုလည်းကောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

မြစ်ကိုအလျှားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်

ယမန်နေ့မှအဆက်

"သားရေ ဘကြီး စာတိုက်ကတစ်ဆင့် စာမူတွေ ပို့ချင်လို့ ဗဟန်းမြို့နယ်စာတိုက်ကို ဘယ်လိုသွားရမလဲ ပြောပြပါဦး"

"ဗဟန်းမြို့နယ်စာတိုက်ကတော့ ဒီကဆို သွားရတာမလွယ်ဘူး၊ ဘကြီးသွားတတ်မှာမဟုတ်ဘူး၊ ကမ္ဘာအေးဘုရားလမ်းမှာပဲရှိတာ၊ ကားနှစ်ဆင့်စီးရမယ်၊ အဲဒီဘက်မှာ ကားလည်းရှုပ်တယ်၊ ဒီလိုလုပ်ပါ ဘကြီး"

"ပြောစမ်းပါဦးကွဲ့"

"ဒီရတနာလမ်းကနေထွက်ပြီး ဟိုဘက်ခြမ်း ဖြတ်ကူးလိုက်ပါ၊ အဲဒီမှာ ရတနာပန်းခြံဆိုတာရှိတယ်။ လမ်းဆုံလမ်းခွမှာပဲ။ မှတ်တိုင်ကိုလည်း လမ်းဆုံမှတ်တိုင်လို့ ခေါ်ပါတယ်။ အဲဒီကနေ ကားစောင့်နေလိုက်၊ ဆူးလေကပြန်လာတဲ့ကား (၄၃) ဆိုက်လာရင် တက်စီးလိုက်တော့"

"ကားစပယ်ယာက စာတိုက်မှတ်တိုင်လို့အော်ရင် ဘကြီးဆင်းလိုက်တော့၊ အဲဒီကနေ ရှေ့နည်းနည်းဆက်လျှောက်ရင် ရန်ကင်းဆရာအတတ်သင်ကျောင်း (ယခု ရန်ကင်းပညာရေးဒီဂရီကောလိပ်) ရှေ့ ရောက်သွားလိမ့်မယ်။ အဲဒီကျောင်းရှေ့တည့်တည့်မှာပဲ စာတိုက်ရှိပါတယ်။ အဲဒါ ရန်ကင်းစာတိုက်ပဲ၊ ဗဟန်းစာတိုက်ထက် သွားရလာရလွယ်တယ်၊ လေးမှတ်တိုင်လောက်ဆို ရောက်ပါပြီ"

"ဟုတ်ပြီ ကျေးဇူးပဲသားရယ်"

ကျွန်တော် တိုက်ခန်းကထွက်ပြီး ရတနာလမ်းသို့ အရောက်မှာ လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်သည်။ ရတနာပန်းခြံအနီးက လမ်းဆုံမှတ်တိုင်သို့ ရောက်လာပါပြီ။ တခြားခရီးသည်များနှင့်အတူ မတ်တတ်ရပ်ပြီး ကျွန်တော်ကားစောင့်နေလိုက်သည်။ လိုင်းကားများ တစ်စီးပြီးတစ်စီး ဝင်လိုက်ထွက်လိုက်နှင့် ခရီးသည်တွေလည်း ဆင်းသူဆင်း၊ တက်သူတက်နှင့် ရှုပ်ယှက်ခတ်လှုပ်ရှားနေကြသည်။ နာရီဝက်ခန့် အကြာမှာ ကျွန်တော်မျှော်နေသော (၄၃) လိုင်းကားကြီး ထိုးဆိုက်လာခဲ့ပေပြီ။ ကားပေါ်ကခရီးသည်များ ပြွတ်ခဲပြီးဆင်းလို့အပြီးမှာ ကျွန်တော်အပါအဝင် ကျန်ခရီးသည်များ ကားပေါ်သို့ တွယ်ချိတ်တက်လိုက်ကြသည်။ ကျွန်တော် ကားပေါ်သို့အရောက်မှာ နေရာအနှံ့ လိုက်ကြည့်လိုက်သည်။ ထိုင်ခုံတစ်လုံးတလေမျှ အလွတ်မရှိရုံမက လက်တန်းနှင့် လက်ကိုင်ကွင်းများကိုလှမ်းကိုင်ပြီး မတ်တတ်ရပ်စီးနင်းလိုက်ပါလာကြသူများမှာ ကားအစအဆုံး နှစ်တန်းအပြည့် "ရှေ့တိုးစီးကြ ရှေ့တိုးစီးကြပါ၊ ဟိုးနောက်ဘက်မှာ နေရာလွတ်ရှိတယ်"



မှတ်တိုင်တစ်ခုမှာ ခရီးသည်အတင်အချလုပ်ပြီး တိုင်း အော်နေကျ ဝေါဟာရအတိုင်း စပယ်ယာအော်သည်။ သို့သော် သူပြောသလို ကားနောက်ဘက်၌ နေရာလွတ် လုံးဝမရှိပေ။ ငါးပိသိပ်၊ ငါးချဉ်သိပ်ထည့်ထားလို့ ခရီးသည်အပြည့်။ သို့သော် စပယ်ယာစကားကိုနာခံပြီး ခရီးသည်များ တရွွေ့ရွွေ့တိုးဝင်နေကြသည်။ ကျွန်တော်ကတော့ မည်သည့်နေရာသို့မျှ မတိုးဘဲ ဝင်ပေါက်ထွက်ပေါက်အနီးနားမှာပဲ ပေကပ်ပြီးမတ်တတ်ရပ်နေသည်။ ကားကြီးကတော့ တစ်မှတ်တိုင်ပြီးတစ်မှတ်တိုင် ရပ်လိုက်၊ သွားလိုက်နဲ့ ဆက်သွားမြဲသွားနေသည်။ နောက်တက်လာသည့် ခရီးသည်များမှာလည်း စပယ်ယာစကားကို တစ်သဝေမတိမ်းလိုက်နာပြီး တိုးဝင်လို့မရသည့်ကြားက ရသလောက်တိုးဝင်နေကြသည်။ ကျွန်တော့်မှာသာ သူတို့နဲ့ဆန့်ကျင်စွာ ဝင်ပေါက်ထွက်ပေါက်အနီးမှာ ပေကပ်ပြီး ရပ်မြဲရပ်နေသည်။

ဤတစ်ချီမှာတော့ စပယ်ယာသည် ကျွန်တော့်ကို တော်တော်ကြည့်မရဖြစ်လာပုံရသည်။

"ဒီအပေါက်ဝမှာ ဒီလိုပေပြီးရပ်နေလို့ အဝင်ဆောင့်၊ အထွက်ဆောင့်နဲ့ မလွယ်ဘူး၊ နောက်ဘက်ကိုဝင်ပေးပါ"

စပယ်ယာသည် မည်သူ့ကိုဟူ၍ အညွှန်းကိန်းမပါသော အသုံးအနှုန်းဖြင့် ကျွန်တော့်ကို တိုက်ခိုက်တော့သည်။ ကျွန်တော့်မှာ အတည်အသန့်ဥပဓိရှုပ်နဲ့ အဝတ်အစားကလည်း ခပ်သန့်သန့်ဝတ်စားထားတာဆိုတော့ ခင်ဗျားလို့လည်း သုံးနှုန်းပြီး ခေါ်ရဲပုံ မပေါ်၊ ဘယ်သူမှန်းမသိသည့် လူတစ်ယောက်ကို ဆရာဟုလည်း ခေါ်ချင်ပုံမရသည့်အတွက် ဟိုမကျ ဒီမကျ ကျောင်းဆရာတစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း ကျွန်တော်ကား မဖြုံရေးချာမဖြုံ ပေပြီးရပ်မြဲ ရပ်နေသည်။

"ဘယ်မှတ်တိုင် ဆင်းမှာလဲ"

သူ စိတ်မရှည်ပုံရလာသည်။ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး မေးတော့သည်။

"စာတိုက်မှတ်တိုင်ပဲ"

ကျွန်တော်ကလည်း တူလေးသင်ပေးလိုက်သည့် အတိုင်း ခပ်ပြတ်ပြတ်ပဲ ပြန်ပြောလိုက်သည်။

"စာတိုက်မှတ်တိုင်ဆို အများကြီးလိုသေးတယ်၊ အထဲဝင်တိုးပေးပါ"

စပယ်ယာသည် ကျွန်တော့်ကို လိမ်ညာနေပြီဟု ကျွန်တော်ခံယူလိုက်သည်။ အိမ်က ကျွန်တော့် တူလေးပြောတာက နီးနီးလေးပဲ ပြောလိုက်တာပါ။ ခု အဝေးကြီးလိုသေးသည်ဆိုသည်မှာ မမှန်သော မုသားစကားပင် ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ကျွန်တော် သွားလိုသော စာတိုက်မှတ်တိုင်သို့ ရောက်ခါနီးပြီဟု ခံယူ၍ ကားနောက်ဘက်သို့ ဆက်မသွားဘဲ ပေခံမြဲ ပေခံနေသည်။ မတိုးရေးချ မတိုး။ စပယ်ယာကတော့ ပြောမရဆိုမရသည့် ကျွန်တော့်ကို မျက်စောင်းတခဲခဲ။ (၄၃) ကားကြီးကတော့ သွားမြဲသွားနေသည်။ မှတ်တိုင် တစ်ခုရောက်တိုင်း တက်ကြ၏။ ဆင်းကြ၏။ စပယ်ယာကောင်လေးပြောတာ တစ်ခုတော့ ဇကနမှန်နေပေသည်။ အဘယ်သို့ဆိုသော် တက်ကြသမျှ၊ ဆင်းကြသမျှ ခရီးသည်များသည် ကျွန်တော့်အား တိုက်ကြပါ၏။ ဆောင့်ကြပါ၏။ ဘာဖြစ်လဲ တိုက်ချင်သလောက်တိုက်ကြ။ ဆောင့်ချင်သလောက် ဆောင့်ကြစမ်းပါစေ။ ကျွန်တော် ရောက်လိုသောခရီးကနီးနေပြီဟု အာရုံရလိုက်ပြီးဖြစ်၍ ပေခံမြဲ ပေခံနေပေသည်။

"စာတိုက်ရောက်ပြီ၊ စာတိုက်မှတ်တိုင်ရောက်ပါပြီ"

စပယ်ယာလေး၏ အသံမှာ သာယာလှပါဘိခြင်း။ ကျွန်တော် စပယ်ယာကို ပြုံးသလိုလို တစ်ချက်လုပ်ပြလိုက်သည်။ မျက်လုံးချင်းဆုံသွားချိန်တွင်-

"ဆင်းတော့လေ စာတိုက်မှတ်တိုင်ရောက်ပြီ"

ကျွန်တော်တစ်ချက်ခေါင်းညိတ် အသိအမှတ်ပြုပြီး အဆင်းခရီးသည်များနှင့်ရောကာ တိုးဝှေ့ဆင်းလိုက်သည်။ ကျွန်တော် ရှေ့သို့လှမ်းပြီး လမ်းလျှောက်လိုက်ချိန်တွင် ကွမ်းယာဆိုင်တစ်ဆိုင်ကို တွေ့သည်။ ကျွန်တော် တစ်ချက်စဉ်းစားလိုက်သည်။ တူတော် မောင်ပြောတာက နီးနီးလေးပဲ၊ လေးမှတ်တိုင်လောက်ဆို ရောက်သည်ဟုပြောသည်။ ခု အချိန်တော်တော်ကြာမှ ရောက်သည်။ တစ်ခုခုလွဲနေပြီဟု သတိထားမိလာ၏။ ထို့ကြောင့် ကွမ်းယာဆိုင်သို့သွားပြီး ကွမ်းယာသမလေးကို မေးမိလိုက်သည်။

"သမီးလေး ဒီမှတ်တိုင်က ဘာစာတိုက်မှတ်တိုင်လဲဟင်"

"မရမ်းကုန်းစာတိုက်မှတ်တိုင်လေ ဦးရဲ့"

အသိအားနည်းသည့် ကျွန်တော့်ဦးနှောက်ကို ကျွန်တော် လက်ဝါးပြင်လေးနှင့် ဖတ်ခနဲတိုက်ကာ အသိပေးပြီးသား ဖြစ်နေပေတော့သည်။ ကျွန်တော်သည် မည်သို့မျှမဖြစ်သလိုဘဲ ခပ်တည်တည်ရပ်ကာ မင်သေသေဖြင့် တက္ကစီတစ်စီးကိုတားပြီး ရန်ကင်းစာတိုက်မှတ်တိုင်သို့ ကားခ ၅၀၀ ပေးပြီး ခေါ်လာခဲ့ရပေတော့သည်။ ယင်းအချိန်က လိုင်းကားစီးခပိုက်ဆံ ၂၀ ကျပ်ပေးလျှင် ရန်ကုန်တစ်မြို့လုံး လျှောက်စီးလို့ရသည့်ကာလပင်ဖြစ်သည်။

ဤတွင် တစ်ခုပြောလိုသည်မှာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ကားဂိတ်ကနေ မြို့ထဲသို့ ပြေးဆွဲနေသော (၄၃) လိုင်းကား နှစ်စီးရှိသည်။ တစ်စီးမှာ ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းလာပြီး ဆီဒိုးနားဟိုတယ်အလွန်လေးသို့ အရောက်တွင် စက်မှု (၁) လမ်းသို့ ကွေ့ဝင်ပြီး တာမွေအဝိုင်းကြီးမှတစ်ဆင့် သခင်မြပန်းခြံထိသွားသော ကားလမ်းကြောင်းဖြစ်သည်။ နောက် (၄၃) ကားတစ်စီးကတော့ ကမ္ဘာအေးလမ်းကြောင်းအတိုင်း မောင်းလာပြီး ချော်တွင်းကုန်းအရောက်တွင် ပါရမီလမ်းသို့ ကွေ့ဝင်ပြီး မောင်းသည်။

ဆက်လက်ဖော်ပြပါမည်။

သထုံမြို့နယ်၌ ဆောင်းသီးနှံပဲတီစိမ်း စိုက်နည်းစနစ်မှန်ကန်စေရေး ကွင်းသရုပ်ပြပွဲကျင်းပ

သထုံ ဒီဇင်ဘာ ၇

မွန်ပြည်နယ် သထုံမြို့နယ်၌ ဆောင်းသီးနှံပဲတီစိမ်း စိုက်နည်းစနစ်မှန်ကန်စေရေး ကွင်းသရုပ်ပြပွဲနှင့် ပဲမျိုးစုံအထွက်တိုးရေးအတွက် ရွာဖျန်းအဖြစ်အသုံးပြုနိုင်သည့် ယူရီးယားနှင့်လက်ချားပုံပိုးပေးအပ်ပွဲကို ဒီဇင်ဘာလ ၇ ရက်တွင် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ကွင်းအမှတ် (၅၈၅) ဦးပိုင်အမှတ် (၁၁/၁) တောင်သူဦးသန်းနိုင်ဦး၏ စံပြလယ်ယာမြေ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်းသီးနှံပဲတီစိမ်း ကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောခင်ကျော်မြင့်က သထုံမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးမှုအခြေအနေနှင့် တောင်သူများထံ နည်းပညာဖြန့်ဖြူးပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆောင်းသီးနှံစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပဲအမျိုးမျိုးအပါအဝင် ဆီထွက်သီးနှံနေကြောတိုးချဲ့စိုက်ပျိုးကြရေး၊ တာဝန်ရှိသူများအနေဖြင့် တောင်သူများ၏လိုအပ်ချက်ပေါ်မူတည်၍ ကူညီဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကာ တောင်သူများထံ ယူရီးယားနှင့်လက်ချားတို့ကို ပံ့ပိုးပေးအပ်သည်။

သထုံမြို့နယ်အတွင်း ဆောင်းသီးနှံပဲတီစိမ်း ၈က ၂၀၀၀၀ ကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်နေပြီး ပဲတီစိမ်းအပြင် မြေပဲ၊ မတ်ပဲ စသည့် ပဲအမျိုးမျိုးနှင့် နေကြာ၊ ဖရဲစသည့် ဆောင်းသီးနှံမျိုးစုံကို စိုက်ပျိုးကြကြောင်း သိရသည်။ **ချမ်းမြေ**



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့်ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့်ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့်မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့်ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့်ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့်မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

အခြေခံစားသောက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာရောင်းချပေး



မော်လမြိုင် ဒီဇင်ဘာ ၇

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ပညာရေးဒီဂရီကောလိပ် (မော်လမြိုင်)တွင် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များမှ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ကုန်ထုတ်လုပ်သူများအနေဖြင့်အခြေခံစားကုန်များကိုလုံလောက်စွာထုတ်လုပ်ရန်နှင့် အများပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးကြရန် ပြောကြားပြီး အခြေခံစားသောက်ကုန်ပစ္စည်းများအား ပညာရေးဒီဂရီကောလိပ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများက ဝယ်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (မော်လမြိုင်)၌ အခြေခံစားသောက်ကုန်ပစ္စည်းများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆန်၊ ဆီ၊ သား၊ ငါးနှင့် အခြားစားသောက်ကုန်များကို အများပြည်သူများ ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးကြရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၆)

ပင်ဖြစ်-ကန်တော်-မြေနီကုန်း-ဖောင်းပြား ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

ရပ်စောက် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပင်ဖြစ်-ကန်တော်-မြေနီကုန်း-ဖောင်းပြား ကျောက်ချောလမ်းအား ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၇ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်၊ တောင်ကြီးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဟန်ကိုကိုစိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ပင်ဖြစ်-ကန်တော်-မြေနီကုန်း-ဖောင်းပြား ကျောက်ချောလမ်းအရှည် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို



ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပင်ဖြစ်-ကန်တော်-မြေနီကုန်း-ဖောင်းပြား ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာကိုးရွာရှိ အိမ်ခြေ ၂၀၂၄ အိမ်၊ လူဦးရေ ၉၃၃၈ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

ပြည်ထောင်စု၏ ပန်းဥယျာဉ်

* အရှေ့ဆီက၊ ရောက်လာကြလည်း
လာပါ့ ရင်သွေး၊ ပန်းကလေးဟု
နွေးထွေးဝမ်းသာ၊ ကြိုလင့်ပါသည်
မေတ္တာနန်းက ပန်းရိပ်မြုံ။

* အနောက်ဆီက၊ ရောက်လာကြလည်း
လာပါ့ ကိုယ်ပွား၊ သမီး သား ဟု
အားရ ပျူငှာ၊ ကြည်ဖြူပါသည်
သစ္စာနန်းက ပန်းရိပ်မြုံ။

* တောင်နှင့်မြောက်က၊ ရောက်လာကြလည်း
လာပါ့ ထာဝစဉ်၊ ကြိုမြဲပင်တည့်
ရွှေစင်မျက်ရှု၊ သားရွှေဥနှယ်
ကရုဏာလွှမ်းသည့် ပန်းရိပ်မြုံ။

* ဩော်...မြန်မာ့မြေဖွား၊ သမီး သားတို့
အားထားလာ၍၊ စုံညီတွေ့သော်
အရှေ့အနောက်၊ တောင်နှင့်မြောက်တည့်
ထက် အောက် ညာ ကြေ
ထွေထွေရပ်ပြား၊ မခွဲခြားဘဲ
ပိုက်ဖြားကြင်နာ၊ ယုယရှာသည်
“မေတ္တာရေကြည်
သစ္စာနေခြည်
ကရုဏာလေပြည်”၊ ပတ်ဝန်းတည်သည့်
ဤပန်းရိပ်ညို၊ မိခင်ပျိုကား
မအိုဘဲလျှင်၊ အလှဆင်၏
သစ်လွင် ထာဝရ၊ ငြိမ်းချမ်းလှလျက်
လရောင် နေရောင်၊ ပမာဆောင်သည်
ပြည်ထောင်စု၏ ပန်းဥယျာဉ်။
ပွင့်သောပန်းတိုင်း မွှေးလျက်ပင်။ ။

မြင်းမူမောင်နိုင်မိုး

မြန်အောင်မြို့နယ် သမဝါယမအသင်းစုမှ ရေဆင်းမျိုး(၁)နေကြာ ငါးကေ စံပြစိုက်ခင်း စိုက်ပျိုးပွဲကျင်းပ

မြန်အောင် ဒီဇင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းစုမှမြန်အောင်မြို့နယ်ဆင်သေကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၉၊ တောင်သူ ဦးအောင်ဌေး လယ်မြေတွင် ရေဆင်းမျိုး(၁)နေကြာ စံပြကွက် ငါးကေ စိုက်ပျိုးပွဲကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေဆင်းမျိုး(၁)နေကြာ စံပြကွက် ငါးကေ စိုက်ပျိုးပွဲသို့ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့်မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကျေးရွာပြည်သူများက ရေဆင်းမျိုး(၁)နေကြာအား စိုက်ပျိုးကြသည်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက ဆောင်းနေကြာစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန်၊ စိုက်ပျိုးနည်းစနစ်နှင့် သတ်မှတ်ဧကအထွက်တိုးပြီး ပြည့်မီအောင်စိုက်ပျိုးရန် ပြောကြားခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)



ရှေ့ဖုံးမှအဆက်

လူနေအိမ်ပျက်စီးမှု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံပျက်စီးမှု၊ လယ်ယာမြေစိုက်ပျိုးထားရှိမှုနှင့် လယ်ယာသုံးပစ္စည်းများပျက်စီးမှု၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်းများအပါအဝင် လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၂၂၁ ဘီလီယံကျော်၊ စုစုပေါင်းငွေကျပ် ၄၆၆ ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့က အများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်က ဒုတိယဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်းဖြစ်ပွားခဲ့သော မိုခါမုန်တိုင်း၏ ပြင်းထန်သည့်အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့ရာ အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၀၀ ဘီလီယံကျော်၊ လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၄၃၃ ဘီလီယံကျော်၊ စုစုပေါင်း ငွေကျပ် ၅၃၄ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပါသည်။ မိုခါမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ဝင်ရောက်ခြင်းဖြစ်၍ ပျက်စီးဆုံးရှုံးမှုများ၏ ၉၈% ခန့်မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

မုန်တိုင်း	တိုင်းဒေသကြီး/ပြည်နယ်	အစိုးရကဏ္ဍ	လူမှုရေးကဏ္ဍ	စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း)
ရာဂိ	၈	၂၄၄,၄၄၁.၀၄၁	၂၂၁,၇၉၀.၇၃၃	၄၆၆,၂၃၁.၇၇၄
မိုခါ	၁၃	၁၀၀,၇၆၀.၆၅၈	၄၃၃,၃၈၅.၃၇၉	၅၄၄,၂၄၆.၀၃၇

နောက်ဆက်တွဲ(က)

ရာဂိမုန်တိုင်းကြောင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုဇယား

စဉ်	အကြောင်းအရာ	ထိခိုက်ပျက်စီးမှု	
		ရာဂိ	
		အရေအတွက်	တန်ဖိုး (ကျပ်သန်း)
၁	ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ်	၈	
၂	ဘေးသင့်လူနေအိမ်အဆောက်အဦ	၁၀၁၉၁	၃၀,၈၅၇.၇၄၀
၃	ဘေးသင့်အိမ်ထောင်စု	၂၅၉၇၅၀	
၄	ဘေးသင့်လူဦးရေ	၉၁၅၅၈၆	
၅	လူသေဆုံး	၄၄၅	
၆	ရုံးအဆောက်အဦ	၅၂၇၂	၁၁,၁၅၀.၇၇၀
၇	သယ်ယူပို့ဆောင်ရေးကဏ္ဍ(လမ်း/တံတား)	၂၀၂၆	၉၈,၈၁၃.၆၃၉
၈	အခြေခံအဆောက်အဦ (ဆည်မြောင်း/တာ/တမံ)	၆၆၉	၇၆,၄၅၄.၂၄၆
၉	ပညာရေးကဏ္ဍ	၈၇၅	၂၁,၄၇၅.၁၄၃
၁၀	ကျန်းမာရေးကဏ္ဍ	၂၄၁	၁,၄၄၄.၃၀၉
၁၁	လျှပ်စစ်ကဏ္ဍ	၂၂၄၆၈	၂၂,၃၂၄.၆၁၈
၁၂	ဘာသာရေးအဆောက်အဦ	၃၄၉	၈,၂၃၉.၄၁၉
၁၃	စက်ပစ္စည်း (ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ)	၁၈၂၅၆.၇၆၀	၄၄,၈၁၄.၁၀၂
၁၄	လယ်ယာ/သားငါးကဏ္ဍ ဧက	၂၆၇၅၀၄.၁၃၀	၁၃၈,၉၁၁.၉၂၄
	လယ်ယာ/သားငါးကဏ္ဍ တင်း		
	လယ်ယာ/သားငါးကဏ္ဍ ကန်		
၁၅	တိရစ္ဆာန်သေဆုံး	၂၁၇၈၅၉	၁၁,၀၇၁.၄၆၂
၁၆	အခြား	၄၅၈၃	၄၂၉.၀၃၂
၁၇	နေပြည်တော်ကောင်စီ	၅၈	၂၄၅.၃၇၀
	စုစုပေါင်း		၄၆၆,၂၃၁.၇၇၄

မှတ်ချက်။ ကနဦးလုပ်ငန်းကော်မတီမှ (၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရာဂိမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ရေဘေးစတင်ဖြစ်ပွားသည်မှ ၂၀-၁၁-၂၀၂၄ ရက်အထိ ရေဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ငွေကျပ် ၅.၂၃ ဘီလီယံကျော်၊ သေဆုံးသွားသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ငွေကျပ် ၄၄၀.၈၀၀ သန်းကျော်၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ငွေကျပ် ၂၀.၅၀၆ ဘီလီယံကျော်၊ နေ့စဉ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့၊ သွင်းအားစု၊ အိမ်မွေးနှင့် လယ်ယာသုံးတိရစ္ဆာန်များထောက်ပံ့မှု ငွေကျပ် ၄.၇၃၂ ဘီလီယံကျော်အပါအဝင် စုစုပေါင်းငွေကျပ် ၃၀.၇၇၉ ဘီလီယံကျော်ကို ထောက်ပံ့ထားပြီးဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်း ၁၅၀၀ ကျော်ကို (၁)လအတွင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လမ်းပျက်စီးမှု၏ ၇၃.၂၃%၊ တံတားပျက်စီးမှု၏ ၄၁.၉၂%၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၆၇.၃၅% ပြုပြင်ပြီးဖြစ်ပါသည်။ မိုးစပါးပျက်စီးဧကများအနက် ပြန်လည်စိုက်ပျိုးရန်လျာထားမှု၏ ၇၃.၇၅% ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၉.၉၉% လွှမ်းခြုံနိုင်ခဲ့ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သတ်မှတ်ကာလဖြစ်သည့် ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးမြောက်အောင်မြင်စေရေး အရှိန်အဟုန်ဖြင့် ကဏ္ဍ၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

နောက်ဆက်တွဲ(ခ)

မိုခါနှင့် ရာဂိမုန်တိုင်းတို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုနှိုင်းယှဉ်ပြဇယား

စဉ်	အကြောင်းအရာ	ထိခိုက်ပျက်စီးမှု			
		မိုခါ		ရာဂိ	
		အရေအတွက်	တန်ဖိုး (ကျပ်သန်း)	အရေအတွက်	တန်ဖိုး (ကျပ်သန်း)
၁	ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ်	၁၃		၈	
၂	ဘေးသင့်လူနေအိမ်အဆောက်အဦ	၂၇၃၆၅၇	၃၆၄,၀၁၇.၄၆၅	၁၀၁၉၁	၃၀,၈၅၇.၇၄၀
၃	ဘေးသင့်အိမ်ထောင်စု	၆၃၀၃၅၂		၂၅၉၇၅၀	
၄	ဘေးသင့်လူဦးရေ	၂၈၈၇၇၆၈		၉၁၅၅၈၆	
၅	လူသေဆုံး	၁၅၆		၄၄၅	
၆	ရုံးအဆောက်အဦ	၆၆၂	၂၀,၇၃၉.၁၉၃	၅၂၇၂	၁၁,၁၅၀.၇၇၀
၇	သယ်ယူပို့ဆောင်ရေးကဏ္ဍ(လမ်း/တံတား)	၂၁၃	၄,၄၅၆.၀၈၇	၂၀၂၆	၉၈,၈၁၃.၆၃၉
၈	အခြေခံအဆောက်အဦ (ဆည်မြောင်း/တာ/တမံ)	၃၆၅	၇,၈၇၅.၅၉၀	၆၆၉	၇၆,၄၅၄.၂၄၆
၉	ပညာရေးကဏ္ဍ	၁၈၉၄	၃၂,၅၃၀.၈၀၀	၈၇၅	၂၁,၄၇၅.၁၄၃
၁၀	ကျန်းမာရေးကဏ္ဍ	၅၇၄	၆,၄၀၇.၆၂၈	၂၄၁	၁,၄၄၄.၃၀၉
၁၁	လျှပ်စစ်ကဏ္ဍ	၇၈၂၁	၃,၆၂၆.၀၀၇	၂၂၄၆၈	၂၂,၃၂၄.၆၁၈
၁၂	ဘာသာရေးအဆောက်အဦ	၃၆၃၁	၂၅,၁၂၅.၃၅၄	၃၄၉	၈,၂၃၉.၄၁၉
၁၃	စက်ပစ္စည်း (ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ)	၄၅၂၆	၁၈,၇၅၆.၉၃၂	၁၈၂၅၆	၄၄,၈၁၄.၁၀၂
၁၄	လယ်ယာ/သားငါးကဏ္ဍ ဧက	၁၂၄၇၁၂.၉၉	၁၃,၈၆၆.၁၄၅	၂၆၇၅၀၄.၁၃၀	၁၃၈,၉၁၁.၉၂၄
	လယ်ယာ/သားငါးကဏ္ဍ တင်း	၅၅၇၂၈.၀၀			
	လယ်ယာ/သားငါးကဏ္ဍ ကန်	၃၄.၀၀			
၁၅	တိရစ္ဆာန်သေဆုံး	၁၇၈၀၃၂	၁၅,၈၆၆.၄၆၁	၂၁၇၈၅၉	၁၁,၀၇၁.၄၆၂
၁၆	အခြား	၁၇၆၀	၂၁,၅၅၈.၃၇၆	၄၅၈၃	၄၂၉.၀၃၂
၁၇	နေပြည်တော်ကောင်စီ			၅၈	၂၄၅.၃၇၀
	စုစုပေါင်း		၅၂၄,၁၄၆.၀၃၇		၄၆၆,၂၃၁.၇၇၄

မှတ်ချက်။ ကနဦးလုပ်ငန်းကော်မတီမှ (၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ထိုင်းကုန်စည်ပြပွဲနှင့် မြန်မာ့အထည်အလိပ်နှင့်စက်ယန္တရားကုန်စည်ပြပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

ထိုင်းကုန်စည်ပြပွဲနှင့် မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲကို ယမန်နေ့နေ့လယ်ပိုင်းက မရမ်းကုန်းမြို့နယ် အင်းလျားလိပ်ဟိုတယ်ဝင်းရှိ Yangon Convention Center(YCC)၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံထုတ်ကုန်စည်များ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းရှင်များ၏ အဝတ်အထည်၊ ဖိနပ်နှင့် အိတ်ထုတ်လုပ်သူ ၁၀၀ ကျော်တို့ကလည်း ၎င်းတို့၏ထုတ်ကုန်များကို လာရောက်ပြသကြပြီး Made in Myanmar ထုတ်ကုန်များဖြစ်သည့် အဝတ်အထည်၊ ပြည်တွင်းထုတ်ဖိနပ်နှင့် အိတ်များကိုလည်း ပြသကာ ပြည်တွင်း SME လုပ်ငန်းများကို အရောင်းမြှင့်တင်ခြင်းနှင့် မိတ်ဆက်ခြင်းများပြုလုပ်ကြသည်။

ပြပွဲသို့ လာရောက်သူများအနေဖြင့် သက်ဆိုင်ရာပြခန်းများမှကိုယ်စားလှယ်များနှင့်တိုက်ရိုက်ဆက်သွယ်၍ လုပ်ငန်းပိုင်းဆိုင်ရာများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ပြီး ပြပွဲကြိုးတွင် MGMA နှင့် CTGA၊ ကိုရီးယား (KOGAM)၊ ဟောင်ကောင် (HKMMA)တို့မှ အသင်းဝင် စက်ရုံများ၏ Pavilion များ၊ အခြားသော အာဆီယံနိုင်ငံများ၏ Pavilion များကိုလည်း သက်ဆိုင်ရာအသင်းများနှင့်အတူ ခင်းကျင်းပြသထားရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးကြသည်။


အဆိုပါပြပွဲကို ဒီဇင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အင်းလျားလိပ်ဟိုတယ်အတွင်းရှိ Yangon Convention Center (YCC)တွင် ဆိုင်ခန်းပေါင်း ၁၂၀ ကျော်ဖြင့်ကျင်းပလျက်ရှိပြီး မည်သူမဆိုအခမဲ့လာရောက်လေ့လာနိုင်ကြောင်းနှင့် ပြပွဲအား မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)နှင့် Chinese Textile & Garment Association in Myanmar (CTGA)တို့ပူးပေါင်းကာ တရုတ်-မြန်မာနှစ်နိုင်ငံအထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာဆက်ဆံရေးများ၊ အလားအလာရှိသည့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ပြုလုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။



ဝန်းရံခ



ရေကျော်တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



လင်းခေး ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကုန်းကျေးရွာ၌ ရေကျော်တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့်ဝန်ထမ်းများက အရှည်ပေ ၅၀၊ အကျယ် ၁၈ ပေနှင့်အမြင့် ၉ လက်မရှိ ရေကျော်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေနှင့်အမြင့် ၆ လက်မရှိ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နားကုန်းကျေးရွာ၌ ရေကျော်တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ရန်ပုံငွေကျပ် ၁၅ သန်းနှင့်ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၂၃၅ သန်း၊ စုစုပေါင်း ၁၇ ဒသမ ၂၃၅ သန်းအသုံးပြုပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက နားကုန်းကျေးရွာရှိ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

မိုးနှမ်း ၉၀၅ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိ

ကလေး၀ ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၀မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးနှမ်း ၉၀၅ ဧကရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကလေး၀မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

ကလေး၀မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်း ၉၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်၍ ရိတ်သိမ်းကြရာ ဒီဇင်ဘာလ ၆ ရက်အထိ ၉၀၅ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

ကလေး၀မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၉၉၇ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၉၀၅ ဧကအထိ စိုက်ပျိုးနိုင်ကြောင်း၊ ထိုသို့ စိုက်ပျိုးထားသော စိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကာ အထွက်နှုန်းကောင်းမွန်ကြောင်း၊ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေးတို့အတွက် ဆောင်ရွက်ပေးကြောင်း ကလေး၀မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်ကပြောသည်။



ယခုနှစ် ကလေး၀မြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခြင်းတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

လမ်းလျှောက်ကြစို့

✶ နှင်းဝေဝေမြောက်လေဖျန်းစ
ချမ်းမြမြသည်ချိန်ခါ။
ကျန်းမာရေးအကူထောက်ဖို့
လမ်းလျှောက်ကြပါ။
လွတ်လပ်လို့ပေါ့ပါးကာ
မရှိပါဘေးထွက်ဆိုးကျိုး။
ကိုယ်စိတ်နှစ်ဖြာကျန်းမာရေးတွက်
ပေးဆက်လို့ကြိုး။

✶ စွမ်းသလောက်လမ်းလျှောက်ကြ
လျှမ်းတောက်လို့သန်မာ။
စိတ်နှလုံးလန်းရွှင်ရ
ဆန်းလပမာ။
ဆီးချိုနှင့်နှလုံးရောဂါ
ပန်းနာလည်းဝေးပေစွ။
ဖြစ်ပွားမှုများစွာအဆ
လျော့ချပါမှ။

✶ အစားအစာနေ့စဉ်စား
ပေါများသည့် “ကယ်လိုရီ”။
ကျွမ်းလောင်ကာကုန်ဆုံးပေးမှ
ကိုယ်အလေးချိန်ပုံမှန်ရဖို့
စိတ်ချနိုင်မည်။
လမ်းလျှောက်မှ “ကယ်လိုရီ”
ကျွမ်းလောင်မည်ကုန်ကာဆုံး။
ကိုယ်အလေးချိန်ထိန်းနိုင်မှ
ငြိမ်းရသက်လုံး။

✶ ကိုယ်လက်လှုပ်ရှားသန်စွမ်းပါ
ကျန်းမာတာလာဘ်တစ်ပါး။
ဟေမန်ခါနှင်းမှုန်အောက်မှာ
လမ်းလျှောက်စို့လား။ ။

မင်းသစ်ဝင်း

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN-PAC)၏ အကြိမ်(၂၀)မြောက် အကြီးအမှူးများ အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၇

အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN Parties Against Corruption_ ASEAN-PAC)၏ အကြိမ်(၂၀)မြောက် အကြီးအမှူးများအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ဒီဇင်ဘာလ ၂ရက်မှ ၅ရက်အထိကျင်းပခဲ့ရာ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ H.E.Khamphan PHOMMATHATH နှင့် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ H.E. Alexander Marwata တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် (၁၉)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၂၃-၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ၂၀၂၆-၂၀၂၈ ခုနှစ် လုပ်ငန်းအစီအစဉ်ရေးဆွဲချမှတ်နိုင်ရေး၊ (၂၁)ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးကို အိမ်ရှင်အဖြစ် မလေးရှားနိုင်ငံ၌ကျင်းပနိုင်ရေးနှင့် **"အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး"**ခေါင်းစဉ်ဖြင့် အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးကြသည်။

ထို့ပြင် အာဆီယံအတွင်းရေးမှူးရုံးကိုယ်စားလှယ်က အာဆီယံဒေသအတွင်း ASEAN-PAC ၏ပါဝင်မှုအခန်းကဏ္ဍ ပိုမိုမြင့်မားတိုးတက်လာစေရေး၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(United Nations Office on Drugs and Crime - UNODC)ကိုယ်စားလှယ်က ASEAN-PAC အဖွဲ့ဝင်နိုင်ငံများ၏ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention against Corruption-UNCAC) အကောင်အထည်ဖော်ဆောင်မှုတို့ကိုဆွေးနွေးကြပြီး အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(Corruption Eradication Commission-KPK)နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)တို့ ပူးပေါင်းကျင်းပသည့် ASEAN-PAC အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၂၄ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာရုပ်ရှင်ပြပွဲ (Anti-Corruption Film Festival 2024)သို့ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာအသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အများပြည်သူဆိုင်ရာအသိပညာပေးမှုနှင့် အများပြည်သူမှပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အလေးထားဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၀၀)**

"ကူမင်းပန်းဈေးကွက်အလားအလာနှင့် ပန်းမန်ဆိုင်ရာသုတေသနများအကြောင်း"အသိပညာပေးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၇

(၅၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ "ကူမင်းပန်းဈေးကွက်အလားအလာနှင့် ပန်းမန်ဆိုင်ရာသုတေသနများအကြောင်း"ခေါင်းစဉ်ဖြင့်ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က တောင်သူကြီးများအနေဖြင့် ပန်းစိုက်ပျိုးသူအသင်းအဖွဲ့များဖွဲ့စည်း၍ စုပေါင်းဆောင်ရွက်စေလိုကြောင်း၊ အိမ်ခြံမြေအတွင်း ဥယျာဉ်ခြံစိုက်ပျိုးခြင်းအတွက် ပန်းမန်စိုက်ပျိုးမှုကို အထူးအားပေးလိုကြောင်း၊ ယာမြေပိုင်ဆိုင်သည့် တောင်သူများအနေဖြင့် ဈေးကွက်နှင့် ချိတ်ဆက်စိုက်ပျိုးတင်ပို့နိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန၊ Asia Flower Mall Myanmar Co.,ltd. တို့နှင့် အားလုံး ချိတ်ဆက်ဆောင်ရွက်စေလိုကြောင်း၊ သဇင်၊ နှင်းဆီကဲ့သို့ ပန်းသုတေသနများ ပိုမိုတိုးတက်ဆောင်ရွက်စေလိုကြောင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Asia Flower Mall Myanmar Co.,ltd .မှ Director ဒေါ်ဖြူးဖြူးသန့်က ကူမင်းမြို့ရှိ Dou Nan ပန်းဈေးကြီးနှင့် ကူမင်းပန်းဈေးကွက်အလားအလာနှင့် စပ်လျဉ်း၍ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများကိုလည်းကောင်း၊ Asia Flower Mall Myanmar Co.,ltd. က ကူမင်းပန်းဈေးကွက်သို့တင်ပို့ရန် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပွဲကောက်ရွာစုပေါင်းခြံတို့တွင် စိုက်ပျိုးထုတ်လုပ်နေမှု၊ ဈေးကွက်သို့တင်ပို့ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်စပ်၍လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပန်းမန်သုတေသနဌာနစုမှဒေါ်နှင်းနှင်းနွယ်က ပန်းမန်ဆိုင်ရာသုတေသနများဆောင်ရွက်နေမှုအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးကြရာ တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက သုတေသနနှင့် Asia Flower Mall Myanmar Co.,ltd. တို့မှတောင်သူများနှင့် ကုမ္ပဏီပူးပေါင်း၍ ကူမင်းပန်းဈေးကွက်ပို့ဆောင်နိုင်ရေး ရှေးဦးစွာဆောင်ရွက်ရမည့် သုတေသနများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယနေ့ကျင်းပသည့် (၅၅)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနများမှတာဝန်ရှိသူများ၊ သုတေသီများ၊ စိုက်ပျိုးပညာပေးပညာရှင်များ၊ ဧယျာသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ တောင်သူ ၉၀ ဦးတို့တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများက Zoom point ၆၈ point မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/၈လ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၂-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၆၅	၃၁၄၅	၃၁၂၀	၃၀၇၅	၃၁၄၅	၃၁၆၀	၃၁၀၀	၃၁၂၅	၄၅၈၅	၃၂၈၀	၃၁၃၅	၃၁၅၀	၃၁၈၀	၃၁၀၀	၃၁၈၅	၃၅၈၅	၃၆၅၀
95 Ron	၃၁၈၀	၃၂၆၀	၃၂၃၅	၃၁၈၅	၃၂၆၀	၃၂၇၅	၃၂၈၅	၃၂၄၀	၄၅၆၀	၃၃၉၅	၃၂၅၀	၃၂၆၅	၃၂၆၀	၃၂၈၅	၃၂၈၀	၃၃၀၀	၄၁၀၀
HSD (500 ppm)	၂၆၃၀	၂၇၁၀	၂၆၈၅	၂၆၄၀	၂၇၁၀	၂၇၂၅	၂၇၃၅	၂၆၉၀	-	၂၈၅၀	၂၇၀၀	၂၇၁၅	၂၇၅၀	၂၇၃၅	၂၇၅၀	၃၁၅၀	၃၉၅၀
HSD (50 ppm)	၂၂၇၅	၃၃၅၅	၃၃၃၀	၃၂၈၀	၃၃၅၅	၃၃၆၀	၃၃၈၀	၃၃၃၅	၄၈၃၀	၃၄၉၀	၃၃၄၅	၃၃၆၀	၃၃၈၀	၃၃၉၀	၃၃၉၀	၃၇၉၅	-
HSD (10 ppm)	၂၂၇၅	၃၃၅၅	၃၃၃၀	၃၂၈၀	၃၃၅၅	၃၃၆၀	၃၃၈၀	၃၃၃၅	-	၃၄၉၀	၃၃၄၅	၃၃၆၀	၃၃၈၀	၃၃၉၀	၃၃၉၀	၃၇၉၅	-

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၁၆	၂၉၅၇
95 Ron	၃၀၁၆	၃၁၀၀
HSD (500 ppm)	၂၄၈၅	၂၅၆၄
HSD (50 ppm)	၃၀၁၈	၃၂၀၀
HSD (10 ppm)	၃၀၁၈	၃၂၀၀

(၃၈) ဖြာမင်္ဂလာ

လမ်းမှန်ဖို့ပါ (ပဏ္ဏိတာနဥ္စ သေဝနာ)



''အမေ ကျွန်တော်ကျောင်းသွားတော့မယ်''

နွားစာစဉ်းနေသောအမေ့ကို စိုးသူနှုတ်ဆက်လိုက်သည်။ ထိုစဉ်မြတ်သူရောက်လာပြီး ''စိုးသူရေ ကျောင်းသွားရအောင်'' ဟု လှမ်းခေါ်လာသည်။ မြတ်သူသည် စိုးသူတို့ကျောင်းမှ သတ္တမတန်း ကျောင်းသားကြီးဖြစ်ပြီး စိုးသူတို့နှင့်လည်း ဆွေမျိုးတော်စပ်သူဖြစ်သည်။

အမေက ''မြတ်သူရေ ကျောင်းကိုညီလေးနဲ့ ကောင်းကောင်းသွားနော်'' ဟု လှမ်းမှာသည်။ မြတ်သူက ''ဟုတ်ကဲ့ဒေါ်လေး'' ဟု ပြန်ဖြေလိုက်ပြီး နှစ်ဦးသားရွာလမ်းအတိုင်း တင့်လွင်ကို ဝင်ခေါ်လိုက်ပြီး ကျောင်းသို့ဆက်ထွက်ခဲ့ပါသည်။

''ဒီလမ်းကသွားရအောင်''

မင်းတန်းရွာ လမ်းဆုံရောက်လျှင် တင့်လွင်က ဘယ်ဘက်သို့ကွေ့ဝင်ရသော လမ်းမှသွားရန် ပြောလေသည်။

''ညာဘက်လမ်းကြောလေးပဲ ကောင်းပါတယ်ကွာ၊ အန္တရာယ်ကင်း၊ ဘေးကင်း''ဟု မြတ်သူက ပြောလိုက်သည်။ တင့်လွင်က-

''ဒီလမ်းက ပိုနီးပါတယ်ကိုကိုရ''ဟု ပြန်ပြောလေသည်။

တင့်လွင်ဘယ်ဘက်လမ်းကြောင်းထဲသို့ လျှောက်လှမ်းလိုက်ပြီး ''လာလေစိုးသူ'' ဟုလှမ်းခေါ်ပါသည်။

''ကိုကို နဲ့ညာဘက်လမ်းကပဲ အတူသွားရအောင်ကွာ'' ဟုမြတ်သူကပြောလာသဖြင့် စိုးသူခေါင်းညိတ်ပြလိုက်လေသည်။ တင့်လွင်က ''ကဲဒါဆို၊ ငါဒီလမ်းကပဲသွားတော့မယ်'' ဟု ပြောကာ ဘယ်ဘက်လမ်းကြောင်းအတိုင်းလျှောက်သွားလေသည်။

"ဟိုးတစ်ရက်က ထော်လာဂျီတစ်စီးနှိန်နစ်ရင်းနဲ့ လမ်းပျက်သွားတာ အခုထိမပြင်သေးဘူး စိုးသူရ၊ လမ်းကတိုတယ်၊ နီးတယ်ဆိုပေမယ့် ကိုကိုတို့ကို ရွံ့တွေ၊ ရေတွေပေကျံနိုင်တယ်၊ နောက်ပြီးတော့ လမ်းထဲမှာ ခွေးဆိုးတွေလည်းပေါတယ်၊ ခွေးကိုက်ခံရရင် ကိုကိုတို့ပဲ စိတ်ညစ်၊ ဒုက္ခရောက်ရမှာ၊ သွားနေကျ ဒီလမ်းလေးပဲ ကောင်းပါတယ်ကွာ''

စိုးသူက မြတ်သူ၏ ပြောစကားများကို ငြိမ်၍ နားထောင်ကာ လိုက်လာသည်။ ကျောင်းရှေ့ရောက်တော့မှ လူခွဲလိုက်ကြသည်။ အတန်းထဲသို့ ဝင်လိုက်တော့ တင့်လွင်ကို ခွေးသံတရွှဲရွဲနှင့် တွေ့လိုက်ရသည်။

"ဟာ မင်းရောက်နေပြီလား၊ ဘာလဲ ငါတို့အရင် ရောက်ချင်လို့ ပြေးလာတာလား"

တင့်လွင်က အသက်ကိုဝအောင်ရှူရင်း ''ဘယ်က သာပြေးလာရမှာလဲ'' ဟုပြောပြီး ''ခွေးလိုက်လို့ မနည်းလွတ်အောင်ပြေးလာရတာ'' ဟု ပြန်ဖြေလေသည်။

"မင်းကို ကိုက်မိသေးလား" ဟု စိုးသူက ထပ်မေးလိုက်သည်။ တင့်လွင်က ''မကိုက်မိပါဘူးဆိုကွာ၊ တော်ပြီ တော်ပြီ နောက်ဆိုအဲဒီလမ်းက မသွားတော့ဘူး၊ သွားနေကျ ဒီဘက်လမ်းကပဲ သွားတော့မယ်'' ဟုပြောကာ ခြေထောက်ကို ရေဆေးရန် ထွက်သွားလေသည်။

ထိုနေ့မှာပင် ဆရာကစာသင်ရင်းနှင့် မဟော်သဓာပညာရှိအကြောင်းကို ပြောပြသည်။ ဝိဒေဟရာဇမင်းကြီးသည် မဟော်သဓာပညာရှိနှင့်ပေါင်းသင်းဆက်ဆံရသောကြောင့် အသက်ဘေးအန္တရာယ်၊ နိုင်ငံဆုံးရှုံးအံ့သော အန္တရာယ်တို့မှ ကင်းလွတ်ခဲ့ရကြောင်း စိုးသူတို့နာယူမှတ်သားလိုက်ရသည်။ ဆရာက မဟော်သဓာဇာတ်လမ်းကို အဆုံးသတ်ရင်းနှင့် စိုးသူတို့တစ်တန်းလုံးကို ဆုံးမလိုက်သည်မှာ-

''ဒီဇာတ်လမ်းလေးကို နားထောင်ပြီး ယုတ်ညံ့သူနဲ့ပေါင်းရင် မိမိပါယုတ်ညံ့တတ်တယ်၊ ဂုဏ်ရည်တူကိုပေါင်းရင် ဆုတ်ယုတ်ပျက်စီးခြင်းမရှိဘူး၊ မိမိထက်မြင့်မြတ်တဲ့ ပညာရှိသူတော်ကောင်းနဲ့ ပေါင်းသင်းရင်တော့ ကြီးပွားတိုးတက်မယ်။ ဘေးရန်ကင်းရှင်းမယ်၊ ဘဝလုံခြုံမယ်၊ ဒါကြောင့် မိမိထက်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းသင်းကြဖို့ ဆရာမှာကြားလိုတယ်'' ဟု ပြောဆိုသွားလေသည်။

ဆရာ့စကားကို နာယူရင်းနှင့် စိုးသူစဉ်းစားမိသည်။ ကျောင်းလာစဉ်က အဖြစ်အပျက်နှင့် ဆရာ့စကားကို ဆက်စပ်တွေးလိုက်မိသည့်အခါ မြတ်သူသည် မိမိထက်အသက်ရော၊ အတန်းပါ ပိုကြီးသဖြင့် ပညာဥာဏ်ပိုမြင့်မားနိုင်သည်။ မြတ်သူကြောင့်ခွေးဆိုးအန္တရာယ်မှ ကင်းလွတ်ခဲ့ရသလို၊ အေးချမ်းသာယာသော ကောင်းကျိုးချမ်းသာကိုလည်း ရရှိခဲ့သည်။ နောက်ဆိုလျှင် စဉ်းစားတွေးတောကြံဆအပ်သော သူမျိုးကိုသာ ရွေးချယ်ပေါင်းသင်းတော့မည်ဟု စိုးသူဆုံးဖြတ်လိုက်ပါသည်။

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ဆွေးချင်းတို့၏ ဘေးကဗျာ

မြတ်နိုးစရာကဗျာတစ်ပုဒ်



ကျေးတောသူကျေးတောသားဆိုတာ ကျေးလက်တောရွာတွေမှာ မွေးဖွားခဲ့ကြတဲ့သူတွေပါပဲ။ ကျေးလက်တောရွာမှာနေ၊ ကျေးလက်တောရွာရဲ့ရေကိုသောက်၊ ကျေးလက်တောရွာထွက်ကောက်ပဲသီးနှံတွေကိုစား၊ ကျေးလက်တောရွာရဲ့သဘာဝအလှမှာပျော်မွေ့၊ ကျေးလက်တောရွာရဲ့သန့်ရှင်းစင်ကြယ်တဲ့လေကိုရှူရှိုက်ရင်းကြီးပြင်းကြရသူများပါ။

ကျေးလက်တောရွာမှာကြီးပြင်းကြရတာဆိုတော့ ကျေးလက်တောရွာရဲ့ဓလေ့ရိုးရာ၊ ထုံးတမ်းစဉ်လာတွေနဲ့ရင်းနှီးကျွမ်းဝင်နေတာပေါ့။ ကျေးတောသူကျေးတောသားတွေကလည်းရင်းနှီးကျွမ်းဝင်နေတဲ့ကျေးလက်တောရွာတွေရဲ့ဓလေ့ရိုးရာ၊ ထုံးတမ်းစဉ်လာဖြစ်တဲ့ ကျေးလက်အင်္ဂေအသက်တွေကို တမြတ်တနိုး၊ တလေးတစား၊ တန်ဖိုးထားကြပါတယ်။

ကျေးတောသူ ကျေးတောသား ဆိုတာကလည်း လူသားထဲကလူသားတွေပဲလေ။ အပျိုဖော်ဝင်၊ လူပျိုဖော်ဝင်တာနဲ့ချစ်ခင်စုံမက်၊ နှစ်သက်တွယ်တာမြတ်နိုးတဲ့စိတ်ကအလိုလိုပေါ်လာတာပဲ။ ကျေးတောသားလုလင်ပျိုကခင်မင်နှစ်သက်တဲ့ကျေးတောသူနားကိုမယောင်မလည်သွားတယ်။ အကျွမ်းတဝင်ဖြစ်ချင်လို့တမင်တကာရမယ်ရှာပြီး နီးစပ်အောင်ကြိုးစားချဉ်းကပ်တယ်။ လူပျိုလှည့်တာပေါ့။ လူပျိုလှည့်တာကလည်းပေါ်ပေါ်ထင်ထင်ကြီးမလှည့်ဝံ့ဘူး။ မိဘမောင်ဖားတွေရဲ့အရိပ်အခြည်ကိုကြည့်ရသေးတယ်။ မိဘမောင်ဖားတွေကလည်းအလစ်မပေးဘူး။ မျက်လုံးဒေါက်ထောက်ပြီးကြည့်နေကြတာ။ သူတို့မျက်စိအောက်ကအပျောက်မခံကြဘူး။ ဒီတော့မိဘမောင်ဖားတွေရဲ့အလစ်ကိုချောင်းပြီး ခိုးကြောင်ခိုးဝှက်လှည့်ရတာပေါ့။

ထင်းခွေ၊ ရေခပ်၊ ဆန်ဖွပ်မောင်းထောင်းတဲ့အချိန်လောက်ပဲ မိဘမောင်ဖားတွေရဲ့မျက်စိအောက်ကလွတ်တာ။ သူတို့မျက်စိအောက်ကလွတ်ပေမယ့် တစ်ယောက်ထဲမလွတ်ဘူး။ ယုံကြည်စိတ်ချရတဲ့အဖော်အပေါင်းနဲ့မှလွတ်တာ။ ဒီအချိန်ကိုစောင့်နေတဲ့ကျေးတောသားကလည်းရတဲ့အခွင့်အရေးကိုလက်လွတ်မခံဘူး။ ကျေးတောသူလေးနားအပြေးသွားတော့တာပါပဲ။ ကျေးတောသူလေးရဲ့အဖော်အပေါင်းတွေက ကျေးတောသူလေးနဲ့အတူရှိနေတယ်။ ဒီတော့ပွင့်ပွင့်လင်းလင်းမပြောရဲပြန်ဘူး။ စကားမရှိစကားရှာပြောရင်းနဲ့အချိန်ကကုန်သွားရော။ လိုရင်းစကားကိုမပြောဖြစ်ဘဲခေါင်းငိုက်စိုက်နဲ့ပြန်ခဲ့ရတာကလည်းအခါခါပါ။ အချို့ကျေးတောသူတွေကနူတ်ရေးကြွေယ်တယ်။ နူတ်ရေးကြွေယ်တဲ့ကျေးတောသူရဲ့တုံ့ပြန်စကားကိုကြားလိုက်ရလို့ခေါင်းမဖော်ရဲဘဲပြန်လှည့်လာခဲ့ရတဲ့ ကျေးတောသားတွေလည်းအများကြီးပဲ။ သမီးရည်းစားမဖြစ်ခင်မှာကျေးတောသူကျေးတောသားတိုင်းကြုံတွေ့ခဲ့ကြရတာပါ။

ပြည်ထောင်စုဖွားတိုင်းရင်းသားတွေဆီမှာလည်း လူငယ်မောင်မယ်တို့ရဲ့သဘာဝအတိုင်းလူပျိုလှည့်ပိုးပန်းတဲ့ဓလေ့ရှိပါတယ်။ အချို့တိုင်းရင်းသားတွေကတိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာတွေကိုစာနဲ့ပေနဲ့မှတ်တမ်းတင်ထားခဲ့ကြတယ်။ စာနဲ့ပေနဲ့မှတ်တမ်းတင်ထားခဲ့လို့ ကျန်ရစ်နေတဲ့အထဲမှာ "တောင်ရိုးဓနုကျေးလက်တေး"ဖြစ်တဲ့"မောင်မလုပ်န" တေးကဗျာကိုတွေ့ရပါတယ်။ ''မောင်မလုပ်န'' ကျေးလက်တေးကို---

မောင်။ ။ စပါးထောင်းကူ လူလိုပူးရော။
မယ် ။ ။ မောင်မထောင်းန၊
ခါးညောင်းတတ်လယ်၊ မယ်ထောင်းမယ်။
စပါးပလာလဲ၊ မောင်မပလာန
ခါးနာတတ်လယ်၊ မယ်ပလာမယ်
လက်ဝါးနု သွေးဥတတ်လယ်။
ထမန်းစားလဲ၊ မောင်မစားန
အံယားတတ်လယ်၊ မယ်စားမယ်'' လို့ရေးဖွဲ့ထားတာပါ။ တောင်ရိုးဓနုကျေးလက်တေးဖြစ်တဲ့ ''မောင်မလုပ်န'' ကဗျာကို မောင်နဲ့မယ်နှစ်ဦးအပြန်အလှန်ပြောပုံနဲ့ရေးဖွဲ့ထားတာပဲဖြစ်ပါတယ်။ တောင်ရိုးဓနုကျေးလက်တေးမှာပါတဲ့စကားလုံးတွေကိုခက်ဆစ်ဖွင့်လိုက်ရင် ''န''က''နဲ့၊ နှင့်''။ ''လူလိုပူးရော''က''လူမလိုဘူးလား''။ ''ပလာ''က''(ဆန်)ပြာသည်''။ ''မောင်ပလာန''က''မောင်မပြာနှင့်''။ ''ထမန်း''က''ထမင်း''။ ''မောင်မစားန''က''မောင်မစားနှင့်''။ ''အံယားတတ်လယ်''က ''ပါးစပ်ယားတတ်တယ်''လို့ဆိုလိုတာဖြစ်ပါတယ်။

တောင်ရိုးသားဓနုလူပျိုလေးက တောင်ရိုးသူဓနုပျိုလေးကိုခင်မင်တွယ်တာနေတယ်။ ဓနုပျိုလေးကို ရစ်သီရစ်သီလုပ်နေတာပေါ့။ တစ်နေ့မှာတော့ ခင်မင်တွယ်တာနေရတဲ့ဓနုပျိုလေးကစပါးထောင်းနေတယ်။ တောင်ရိုးသားဓနုလူပျိုလေးကစပါးထောင်းနေတဲ့တောင်ရိုးသူဓနုပျိုလေးနားကိုမဝံ့မရဲမယောင်မလည်နဲ့ရောက်လာတယ်။ ရောက်ရောက်ချင်း''စပါးထောင်းကူ လူလိုပူးရော'' လို့မျက်နှာချိုသွေးပြီး မျက်နှာလို မျက်နှာရမေးလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ "စပါးထောင်းတာကူဖို့လူမလိုဘူးလား"မေးလိုက်တာပါ။ ဒီတော့ဓနုပျိုလေးက''မောင်မထောင်းန၊ ခါးညောင်းတတ်လယ်၊ မယ်ထောင်းမယ်'' လို့အကြင်နာသံလေးနဲ့ပြန်ပြောလိုက်တယ်။ အဓိပ္ပာယ်ကတော့ "မောင်မထောင်းပါနဲ့။ ခါးညောင်းတတ်ပါတယ်။ မယ်ထောင်းပါမယ်''လို့ပြောလိုက်တာပါပဲ။

ဓနုပျိုလေးကပြောရင်းမှာပဲ မောင်းဆုံထဲက ထောင်းထားတဲ့စပါးတွေကို ဗန်းထဲထည့်ပြီးပြာဖို့လုပ်နေတယ်။ဓနုလူပျိုလေးကလည်းအားမလျှော့ပါဘူး။ ဓနုပျိုလေးနားကပ်ပြီးကူညီပေးချင်နေတဲ့စေတနာက ထက်သန်နေတယ်။ ဒါကြောင့်စပါးပြာတာကိုသူကူပြီး ပြာပေးပါမယ်လို့ပြောပြန်ပါရော။ ဓနုပျိုလေးက လက်မခံပါဘူး။ ''စပါးပလာလဲ၊ မောင်မပလာန၊ ခါးနာတတ်လယ်၊ မယ်ပလာမယ်၊ လက်ဝါးနု သွေးဥတတ်လယ်''လို့စိုးရိမ်ပူပန်တဲ့ကရုဏာသံနဲ့ပြန်ပြောလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့''စပါးပြာတာလဲ မောင်မပြာပါနဲ့။ ခါးနာတတ်ပါတယ်၊ မယ်ပြာပါမယ်။ မောင့်လက်ဝါးနုသွေးခြည်ဥတတ်ပါတယ်''လို့ပြောလိုက်တာပါပဲ။

ဓနုပျိုလေးကတစ်ဆက်တည်းချစ်စနိုးနဲ့ပြောလိုက်တာကတော့''ထမန်းစားလဲ၊ မောင်မစားန၊ အံယားတတ်လယ်၊ မယ်စားမယ်''တဲ့။ အဓိပ္ပာယ်ကတော့ ''ထမင်းစားတော့လဲမောင်မစားပါနဲ့။ ပါးစပ်ယားတတ်ပါတယ်၊ မယ်စားလိုက်ပါမယ်'' လို့ အရွှန်းဖောက်လိုက်တာပါပဲ။ ကျီစယ်သလိုနဲ့အရွှန်းဖောက်ပြောလိုက်တဲ့ဓနုပျိုလေးရဲ့ အဆုံးသတ်စကားက အင်မတန်မှသိမ်မွေ့နက်ရှိုင်းပြီးကျယ်ပြန့်လွန်းလှပါတယ်။ ဖြန့်ကြက်တွေးတောစရာတွေကလည်း အများကြီးမဟုတ်ပါလား။ ။

ရေနံ့သာမောင်ကျော်ညွန့်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများတွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီရှိပြီး တည်ထောင်ခွင့် စိစစ်ဆဲပါတီအနေဖြင့် တစ်ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါပြဋ္ဌာန်းချက်ဖြစ်သည့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သည့်နေ့ရက်အတွင်း ပါတီဝင်အင်အားပြည့်မီရေးနှင့် ပါတီရုံးခန်းများ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်နိုင်ရေးတို့ကို သတ်မှတ်ကာလအတွင်းသတ်မှတ်အရေအတွက် ပြည့်မီရေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စောင့်ကြည့်လေ့လာခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်ခွင့်မပြုဘဲ လေ့လာခွင့်သာပြုခဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အချက် ၁၃ ချက် အနက်လေ့လာခွင့်မပြုခဲ့သည့်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ စောင့်ကြည့်လေ့လာခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ခြင်းတို့ကို စောင့်ကြည့်လေ့လာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း စသည့်အချက်များကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတိုင်းပြန်လည်ထည့်သွင်းပြီး စောင့်ကြည့်လေ့လာခွင့်စံနှုန်းနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာစကား ငါးမျိုးဖြင့်ဖတ်ရှုနိုင်သည့် Website ကို နိုဝင်ဘာလ ၂၂ ရက်တွင် လွှင့်တင်ထားပြီး ဖြစ်ကြောင်း၊ အဆိုပါ Website တွင် Mobile Application ကိုလည်း Download ရယူနိုင်ကြောင်း၊ Soft Copy များကို နိုင်ငံရေးပါတီများသို့လည်း ဖြန့်ဝေထားကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့်လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိက္ခာရှိသော လွှတ်တော်ဖြစ်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းရှိသော ကိုယ်စားလှယ်များဖြစ်ရန်လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရန်လိုကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှတာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၃ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင့်သဘင်အခမ်းအနားတွင် စစ်တက္ကသိုလ်ပါမောက္ခချုပ်ဗိုလ်မှူးချုပ်သိန်းလွင်က ဘွဲ့ရရှိသူများအား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းစဉ်။

စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင့်သဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

စစ်တက္ကသိုလ်၏ (၆၈)ကြိမ်မြောက် ဘွဲ့နှင့်သဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ် ဘွဲ့နှင့်သဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်သိန်းလွင်၊ စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၄၇ ဦး၊ ဝါဏိဇ္ဇဘွဲ့ရရှိသူ ၈ ဦး၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၁၅ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၁၃၂ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၅၄ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၅၂ ဦး စုစုပေါင်း ၃၀၈ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့်ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့်ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု(၆၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၄၃၀၃ ဦးကို အခြေခံဘွဲ့များပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ ပထမဆုရဆောင်းပါး

အဂတိပယ်ခွာ ပြည်သာယာ

မယ်အိမ့်(ကျေးလက်)

သွားရင်းလာရင်း ရုံးပြင်ကနား ရောက်ဖြစ်သည့် အခါ မြင်သာထင်သာ ရုံးတံခါးဝလို နေရာမျိုးတွင် ကျွန်မတို့ တွေ့ရလေ့ရှိသော ဆိုင်းဘုတ်ငယ်လေး တစ်ခုကို လူတိုင်းသတိထားမိမည်ထင်သည်။

လာဘ်ပေးရန်မလို

ရံဖန်ရံခါဆိုသလို သည်စကားရပ်လေးကိုပင် ဟာသနှောရွှင် **"လာဘ်ပေး...ရန်မလို"**ဟူ၍ ပြက်လုံး ထုတ်တတ်ကြသေးသည်။ **"ပေးကမ်းခြင်းသည် အောင်မြင်ရာ၏"** ဟူသော ဆိုရိုးကလည်း အထင်ကရရှိနေပြန်သည်။ ပေးကမ်းခြင်းကို မြစ်ဖျားခံ၍ **"တံစိုးလက်ဆောင်"**၊ **"လာဘ်သပ်ပကာ"** စသော **"အဂတိ"** ဟူသည့် ဆေးခါးကြီးကို ချိုသကာအုပ်၍ လှပစွာသုံးနှုန်းထားသည့် အသုံးအနှုန်းများသည် ကျွန်မတို့၏ လူ့ဘောင်၊ လူ့အဖွဲ့အစည်းတွင် နည်းလမ်း အဖုံဖုံဖြင့် စိမ့်ဝင်ပျံ့နှံ့နေခဲ့သည်။ အဂတိဟူသည်က နိုင်ငံတိုင်းရှိ အဖွဲ့အစည်းအသီးသီး၊ အလွှာအသီးသီး၊ နယ်ပယ်အသီးသီးတွင် ပုံစံအဖုံဖုံ နည်းမျိုးစုံဖြင့် တည်ရှိနေခဲ့ခြင်းဖြစ်သည်။ **"ပေးကမ်းခြင်း"**သည် **"အောင်မြင်ခြင်း၏ လမ်းစ"**ဟု ယူဆသူများရှိနေသမျှ ကာလပတ်လုံးတွင် အကျိုးမျှော်၍ ညောင်ရေလောင်းသည့် ဖြစ်စဉ်များသည် နည်းလမ်းအဖုံဖုံဖြင့် ဖြစ်ပေါ်နေဦးမည်ဖြစ်ပြီး အဂတိလိုက်စားမှုများသည်လည်း ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေမည်ဖြစ်သည်။ ဤသည်ကပင် အကျင့်ပျက်ခြစားမှုများ၏ ဇာစ်မြစ်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယိုပေါက်တစ်ခုဖြစ်သည်။

အဂတိလိုက်စားမှုဟူသည်

အဂတိ၏အဓိပ္ပာယ်ကို နိုင်ငံ၊ ဒေသနှင့် နယ်ပယ်ကို လိုက်၍ အမျိုးမျိုးဖွင့်ဆိုလေ့ရှိရာ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ပုဒ်မ ၃(က)(၁)တွင် **"မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန်အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း"** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ ပုဒ်မ ၃(က)(၂)တွင်မူ **"မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူ ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူ စာချုပ်တစ်ခုတွင်ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်း"** ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

ဤဖွင့်ဆိုချက်ကို သေချာစေ့ငုံ ဖတ်ရှုမှတ်သား လိုက်နာကြမည်ဆိုလျှင်ပင် အဂတိလိုက်စားမှုကို ရှောင်ကြဉ်ပြီး ဖြစ်ပေလိမ့်မည်။ သို့ရာတွင် **"အင့်လွယ်အရှိုက်ခက်"** ဆိုသကဲ့သို့ အပြောလွယ်သလောက် လက်တွေ့တွင် မလွယ်နိုင်သည်ကို သတိပြုရပေမည်။ လူ့သဘာဝအရ မိမိ၏ကိုယ်ကျိုးစီးပွားနှင့်စပ်ဆိုင်လာသည့်အခါ၊ အခြေအနေပေးလာသည့်အခါမျိုးတွင် အကောင်းအဆိုး၊ ကြောင်းကျိုးနှစ်တန် ဆက်စပ်ဝေဖန်ပိုင်းခြားနိုင်စွမ်းအား နည်းတတ်သည်မှာ မမှတာပင်ဖြစ်သည်။ **"လွယ်လျှင် သူကြွယ်တောင်မနေ"** ဟူသော ဆိုရိုးရှိသည် မဟုတ်ပါလား။ တည်ကြည်ဖြောင့်မတ်မှု၊ ဆင်ခြင်တုံတရား၊ သတိတရားဟူသော ချွန်းတို့ဖြင့် အုပ်နိုင်မှသာ အဂတိတရားဟူသည့် ဆင်ရိုင်းကြီးကို ထိန်းချုပ်ပယ်သတ်နိုင်မည်ဖြစ်ပေသည်။

သို့ရာတွင် အဂတိလိုက်စားမှု ပပျောက်ရေးဟူသည်က တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဖြစ်မြောက်နိုင်သည့်အရာ မဟုတ်ပေ။ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အစုအဖွဲ့တစ်ခုလုံး၊ ဝန်းကျင်တစ်ခုလုံး၊ တစ်နိုင်ငံလုံး လိုက်နာကျင့်သုံးကြမှသာ ပပျောက်ကင်းစင်နိုင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International-TI) မှ အဂတိလိုက်စားမှု အညွှန်းကိန်းဖြစ်သည့် Corruption Perceptions Index (CPI) ကို နှစ်စဉ်ထုတ်ပြန်လေ့ရှိရာ ကမ္ဘာ့နိုင်ငံများအနက် ဒိန်းမတ်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိသည်ကို အားကျဖွယ်တွေ့မြင်ရပါသည်။

အဂတိလိုက်စားမှုနှုန်းမြင့်မားသည့်နိုင်ငံနှင့် နည်းပါးသည့်နိုင်ငံများ၏ သိသာထင်ရှားကွာခြားမှု

အဂတိလိုက်စားမှုနှုန်းသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်၊ စည်ပင်သာယာဝပြောမှု၊ နေချင်စဖွယ်ဖြစ်မှုတို့နှင့် ပြောင်းပြန်အချိုးကျလျက်ရှိပါသည်။ အဂတိလိုက်စားမှု နည်းပါးသည့် နိုင်ငံအများစုကိုကြည့်လျှင် ဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သည်ကိုတွေ့ရှိရပြီး အဂတိလိုက်စားမှုနှုန်း မြင့်မားသည့်နိုင်ငံများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှု နည်းပါးသော နိုင်ငံများဖြစ်သည်ကို သတိပြုဖွယ် တွေ့မြင်ရပါသည်။ အဂတိလိုက်စားမှု မြင့်မားခြင်း သည် နိုင်ငံ၏ တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်စေပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုကို မည်သည့် နိုင်ငံတွင်မဆို လက်သင့်မခံဘဲ ခေတ်အဆက်ဆက် တားဆီးကာကွယ်တိုက်ဖျက်လာခဲ့ကြခြင်းဖြစ်သည်။

အဂတိလိုက်စားမှုပပျောက်ရေးလှုပ်ရှားမှုများ

အဂတိလိုက်စားမှုပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်းကြိုးပမ်းလှုပ်ရှားခဲ့မှုသမိုင်းကြောင်းများအား လေ့လာကြည့်ရာ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့ခေတ်တိုင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တွင် လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေး

အဂတိလိုက်စားမှု ပပျောက်ရေးဟူသည်က တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ဖြစ်မြောက်နိုင်သည့်အရာ မဟုတ်၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် အစုအဖွဲ့တစ်ခုလုံး၊ ဝန်းကျင်တစ်ခုလုံး၊တစ်နိုင်ငံလုံးလိုက်နာကျင့်သုံးကြမှသာ ပပျောက်ကင်းစင်နိုင်မည်ဖြစ် . . .

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်ကောင်းမွန်မှုရှိသည်မှာ ငြင်းပယ်၍မရသော အမှန်တရားတစ်ခုဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အသိပညာပေးဆောင်ရွက်မှုသည် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်၊ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိ . . .

မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးတိုးတက် လာစေရန် ရည်မှန်းချက်များဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

ကော်မရှင်သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန် အထိ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း နည်းလမ်းသုံးသွယ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်တွေ့မြင်ရပါသည်။ ကျောင်းသားလူငယ်များ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာရုံးများတွင် အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။

ကြိုတင်ကာကွယ် အဂတိအန္တရာယ်

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်ကောင်းမွန်မှုရှိသည်မှာ ငြင်းပယ်၍မရသော အမှန်တရားတစ်ခုဖြစ်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် အသိပညာပေးဆောင်ရွက်မှုသည် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အသိပညာပေးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အစုအဖွဲ့အဆင့်၊ ယင်းမှ နိုင်ငံလုံးဆိုင်ရာအဆင့်အထိ တစ်ဆင့်ချင်း တက်လှမ်း၍ အဂတိ၏ သဘောသဘာဝ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုး၊ နိုင်ငံသားတာဝန်တို့ကို ကောင်းမွန်စွာ သိရှိနားလည်စေရန်၊ လိုလိုချင်ချင် လိုက်နာဆောင်ရွက်လာကြစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အမိန့်အာဏာကြောင့် လိုက်နာရခြင်းထက် မိမိတို့၏ ရင်ထဲအသည်းထဲမှ အသိစိတ်ဖြင့် လိုလိုချင်ချင် သိရှိလက်ခံ လိုက်နာဆောင်ရွက်ခြင်းကသာ အမှန်မြဲမြံတည်တံ့မည့်အရာဖြစ်ခြင်းကြောင့် ထိုအသိစိတ်ရရှိအောင် ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ယနေ့လူငယ်၊ နောင်ဝယ် လူကြီးဖြစ်၍ ကျောင်းနေရွယ်ကလေးများကို အထူးအလေးပေး အသိပညာပေးကြရမည်ဖြစ်သည်။ ငယ်ရွယ်စဉ်မှစ၍ မျိုးချစ်စိတ်၊ တာဝန်သိစိတ်နှင့် စည်းကမ်းလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါ

စည်းကမ်းသည် အိမ်တွင်စသည်

"စည်းကမ်းသည် အိမ်တွင်စသည်" ဟု ဆိုရိုးရှိပါသည်။ အိမ်တွင် စည်းကမ်းလိုက်နာတတ်မှသာ ကျောင်းတွင် စည်းကမ်းလိုက်နာသည့် ကျောင်းသားများ ဖြစ်လာပြီး နောင်တစ်ချိန် ကြီးပြင်းအရွယ် ရောက်လာချိန်တွင်လည်း နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်း၊ ဥပဒေများကို လိုက်နာတတ်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာမည်ဖြစ်သည်။ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လိုက်နာတတ်သူသည် အဂတိလိုက်စားမှုကိုလည်း အထူးရှောင်ကြဉ်နေစရာပင်မလိုဘဲ လိုက်နာပြီးဖြစ်ပေလိမ့်မည်။

စည်းမျဉ်းဥပဒေသများ၏ အခြားတစ်ဖက်တွင်

တစ်ဖက်တွင် စည်းကမ်းဥပဒေသများကို လိုက်နာတတ်စေရန် လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ကြရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း လူမှုဘဝအခြေခံလိုအပ်ချက်များ ပြည့်စုံဖူလုံအောင် ဖန်တီးတည်ဆောက်ပေးရန် လိုအပ်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ **"အူမတောင့်မှ သီလစောင့်မည်"** ဟု ဆိုရိုးရှိသည် မဟုတ်ပါလား။ နေထိုင်စားသောက်မှုအတွက် အခြေခံလိုအပ်ချက်များ မပြည့်စုံသည့်အခါ၊

စာမျက်နှာ ၁၄ သို့ ❑

❑ စာမျက်နှာ ၁၃ မှအဆက်

ဘဝရှင်သန်ရပ်တည်နိုင်ရန် လိုအပ်ချက်များများပြားလာသည့်အခါ လူသည် ကျင့်ဝတ်သိက္ခာနှင့် စောင့်စည်းအပ်သောတရားများကို စောင့်ထိန်းလိုက်နာရန် ခက်ခဲလာတတ်သည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ တစ်ဦးတည်း ရပ်တည်ချိန်တွင် မပြည့်စုံမှု၊ ခက်ခဲမှုတို့ကို တောင့်ခံရင်ဆိုင်နိုင်စေဦး မိသားစု၊ အဆွေးအပွားများရှိလာချိန်၊ မိမိချစ်ခင်ရသူများကိုပါ မလောက်မငဲ့ မပြည့်မစုံထားရှိလာရသည့်အခါမျိုးတွင် ထိုမပြည့်စုံ မဖူလုံမှုတို့ကိုအန်တုရှု၍ ရိုးသား၊ ဖြောင့်မတ် တည်ကြည်မှုတို့ကို ဆက်လက်ဖက်တွယ်ထားနိုင်ရန်မှာ လွန်စွာခက်ခဲပေလိမ့်မည်ဖြစ်သည်။

ထို့ကြောင့်ပင် ဆင်းရဲသောနိုင်ငံများ၊ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများတွင် အကျင့်ပျက်ခြစားမှုနှုန်းနှင့် ဆင်းရဲမှုနှုန်းသည် တိုက်ရိုက်အချိုးကျနေရခြင်းဖြစ်ပေသည်။ ဆင်းရဲမှုသည် အဂတိလိုက်စားမှုကို လက်ယပ်ဖိတ်ခေါ်နိုင်စွမ်းသည့် တွန်းအားအပေးနိုင်ဆုံးသော ရင်းမြစ်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

အဂတိလိုက်စားမှု ပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူအများ၏ စားဝတ်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံလိုအပ်ချက်များ ပြည့်စုံကုံလုံစေရေးအတွက် ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုအပ်လှပါသည်။ အခြေခံလုပ်ခလစာမြင့်မားလာသည်နှင့်အမျှ နိုင်ငံသားများ၏ လူနေမှုဘဝမြင့်မားလာမည်ဖြစ်ပြီး မတော်လောဘဖြင့် ရှင်သန်ရပ်တည်မှုများ နည်းပါးလာစေမည်ဖြစ်ပါသည်။ နိုင်ငံသားတို့၏ လုပ်ခလစာမြင့်မားရေးမှာလည်း နိုင်ငံ့စီးပွားမြင့်မားမှုနှင့် တိုက်ရိုက်အချိုးကျပြန်သည်ဖြစ်ရာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်၊ စည်ပင်သာယာဝပြောရေးတွင် စီးပွားရေးဖွံ့ဖြိုးမှု၊ အဂတိကင်းစင်မှုတို့သည် တစ်ခုနှင့်တစ်ခုကြောင်းကျိုးဆက်စပ်ဖြစ်ပေါ်နေသော အရာများဖြစ်သဖြင့် တစ်ခုပြီးမှတစ်ခု ဆောင်ရွက်လို၍မရဘဲ တစ်ပြိုင်နက်တည်း တစ်ဆက်တစ်စပ်တည်း ကြိုးပမ်းဆောင်ရွက်ရမည့် အရာများဖြစ်ပါသည်။

သို့ရာတွင် ကျွန်မတို့ သတိပြုရမည့် အဓိကအကျဆုံးအချက်မှာ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တိုင်းတွင် **“ပြောင်းလဲလိုစိတ်ရှိရန်မှာ အခရာ”** ဟူသည့် အချက်ပင်ဖြစ်သည်။ ကျွန်မတို့အားလုံးတွင် ပြုပြင်ပြောင်းလဲလိုစိတ်ရှိရန်လိုသည်။ ကောင်းကျိုးကိုလိုချင်လျှင် ကောင်းသောအလေ့အကျင့်များကို ကျွန်မတို့ကိုယ်တိုင် မွေးမြူကြရမည်ဖြစ်သည်။

အပြုသဘောဆောင်သော ပြောင်းလဲမှုကို တည်ဆောက်ကြပါစို့

တစ်ဦးချင်းမှ စရပါမည်။ အဂတိတရား ပယ်ရှားနိုင်ဖို့ဆိုလျှင် ကျွန်မတို့ကိုယ်တိုင် ကျွန်မတို့၏ တွေးခေါ်မြော်မြင်မှု အလေ့အထများ (Mind-set) ကိုစပြီး ပြုပြင်ကြရမည်ဖြစ်သည်။ ရလိုမှုတစ်ခုအတွက် ပေးကမ်းသည့်နည်းဖြင့် အလွယ်လမ်းလိုက်တတ်သော အကျင့်ဆိုးကို စတင်ပြုပြင်ကြရပါမည်။ ပေးသူရှိ၍ ယူသူဆိုသည်က ပေါ်ပေါက်လာရခြင်းဖြစ်ပြီး ပေးသူမရှိလျှင် ယူသူလည်း အလိုလိုပျောက်ကွယ်သွားပေလိမ့်မည်။ တစ်စုံတစ်ခုလိုချင်သည့်အခါ အလွယ်လမ်းလိုက်၍ ပေးကမ်း၊ လာဘ်ထိုးသည့်နည်းဖြင့် ရယူမည့်အစား မိမိလိုချင်သည့်အရာကိုရရှိရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်း၍ နည်းမှန်လမ်းမှန်ဖြင့် ရယူသည့် အလေ့အကျင့်ကို စွဲမြဲစွာ ကျင့်သုံးတတ်ကြဖို့ လိုအပ်ပါသည်။ ကိုယ်တိုင်အားထုတ်ကြိုးပမ်းမှုမှ ရရှိသည့်အသီးအပွင့်ကိုသာ မက်မောတတ်သည့် စိတ်ကို ကျွန်မတို့ မွေးမြူကြရပါမည်။

မသမာသည့်နည်းလမ်းဖြင့် ချမ်းသာကြီးပွားခြင်း၊ မရိုးဖြောင့်သောနည်းလမ်းဖြင့် လိုချင်သည့်အရာကို ရယူတတ်ခြင်းတို့အပေါ် ရှက်ရကောင်းမှန်းသိသော အသိတရားသည် တစ်ဦးတစ်ယောက်ချင်းစီ၏ အသိတရားတွင် သံမှိုစွဲသကဲ့သို့ မြဲမြံခဲ့ပြီဆိုပါလျှင် မိမိ၏ကိုယ်ကျိုးထက် မိမိတိုင်းပြည်၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဦးစားပေးတတ်သောစိတ်၊ တာဝန်သိစိတ်၊ ဖြောင့်မတ်မှန်ကန်သော ကျင့်ကြံနေထိုင်မှုများဖြင့် ရပ်တည်နေထိုင်တတ်လာကြမည်ဆိုလျှင် ကျွန်မတို့၏ အနာဂတ်တိုင်းပြည်သည် အဂတိပယ်ခွာ၍ သာယာစည်ပင်လိမ့်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါတော့သည်။ ။

တောင်ကြီးမြို့၌ ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကျင်းပ



တောင်ကြီး ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ဒီဇင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲများကို မြို့မဈေးအနီးစုရုပ်မှ စတင်ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မြို့မဈေးအနီး စုရုပ်မှ လမ်းလျှောက်ပွဲကို တာလွတ်ပေးပြီး ဌာနဆိုင်ရာများ၊ ပညာရေးဒဂရီကောလိပ် (တောင်ကြီး)နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ၁၂၀၀၀ ဦးကျော်နှင့်အတူ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် စုပေါင်းလမ်းလျှောက်ကြသည်။

ဆက်လက်၍ လွတ်တော်မီးပွိုင့်မှ တစ်ဆင့် ပြည်နယ်အားကစားကွင်းသို့ ဆက်လက်လမ်းလျှောက်ဆင်နွဲပြီး အားကစားကွင်းအတွင်း၌ သွေးပူကာယလေ့ကျင့်ခန်းအတွဲ(၁-၂)တို့ကို စုပေါင်းပြုလုပ်ကြသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး မိတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မိတာ ၂၀၀ အပြေးပြိုင်ပွဲ၊ မိတာ ၄၀၀ အပြေးပြိုင်ပွဲ၊ မိတာ ၈၀၀ အပြေးပြိုင်ပွဲ၊ မိတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲတို့ကျင်းပခဲ့ပြီး ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

(၄၀၅)

မြောင်မြို့နယ်၌ အစေ့ထုတ်ပြောင်း ၂၁၄ ဧက ရိတ်သိမ်းပြီးစီး တစ်ဧက ၄၂ ဒသမ ၁၅ တင်းထွက်ရှိ

မြောင် ဒီဇင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်း ၂၁၆၂ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်၌ စိုက်ပျိုးထားသော စိုက်ခင်းများကို ယခုနှစ်ဩဂုတ်လမှ စတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ၂၁၆၂ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၄၂ ဒသမ ၁၅ တင်းထွက်ရှိကြောင်း သိရသည်။

“တောင်သူတွေ အစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ သီးသန့်စိုက်ကြသလို ပဲစင်းငုံသီးနှံနဲ့ သီးညှပ်စိုက်ပျိုးကြပါတယ်။ ပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်” ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်ကပြောသည်။

ယခုနှစ် မြောင်မြို့နယ်၌ အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင့်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးကြောင်း သိရသည်။

မြောင်မြို့နယ်၌ အစေ့ထုတ်ပြောင်းသီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် တင်း ၄၀ ကျော်ထွက်ရှိကြောင်း သိရသည်။

(၄၀၉)



ဆီအုန်းမျိုးစပ်ခြင်းနှင့် ဆီအုန်းမျိုးစေ့ အစိုဖောက်ခြင်းသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

မြိတ် ဒီဇင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရွှေဒူးကျေးရွာ နှစ်ရှည်သီးနှံဌာနခွဲ၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မြိတ်)ရုံး၌ ဒီဇင်ဘာလ ၆ ရက် မွန်းလွဲပိုင်းတွင် ဆီအုန်းမျိုးစပ်ခြင်းနှင့် ဆီအုန်းမျိုးစေ့ အစိုဖောက်ခြင်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မြိတ်)မှ တာဝန်ခံဒေါ်ဌေးဌေးမြင့်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က သင်တန်းတွင် ပထမဆု၊ ဒုတိယနှင့် တတိယဆုရရှိသော သင်တန်းသား၊ သင်တန်းသူများကို ဆုများပေးအပ်သည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာလ ၂ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးကြောင်း သိရသည်။

(၄၁၂)

သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ

၂။ ၁၀:၄၀ နိပါတ်တော်လာသိမှတ်စရာ

၃။ ၁၃:၀၀ Music Crazy

၄။ ၁၄:၅၀ Sporty Zone

၅။ ၁၆:၅၅ Relaxing Moment

၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

ရန်ကုန်မြို့ရှိ ဝန်ကြီးဌာန၏ရုံးအဆောက်အအုံများ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒီဇင်ဘာလ ၅ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အဆောက်အအုံအကြီးစားပြုပြင်နေမှုနှင့်ဗိုလ်အောင်ကျော်လမ်းရှိစီမံကိန်းရေးဆွဲရေးအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) လသာလမ်းအဆောက်အအုံတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဆောက်အဦဦးစီးဌာနမှ တာဝန်ရှိသူများက အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအကြီးစားပြင်ဆင်မှုအား စံချိန်စံညွှန်းမီစွာ သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ မူလပုံစံမပျက်စေဘဲ စနစ်တကျပြုပြင်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန အဆောက်အအုံသို့ရောက်ရှိပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာလ ဖ ရက် နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ရောက်ရှိပြီး မော်ကွန်းပြခန်း၊ သုတေသီဝန်ဆောင်မှုအခန်း၊ မော်ကွန်း/မှတ်တမ်းအခန်းများ၊ Digitization အခန်း၊ Micro Film ရိုက်ကူးခန်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခန်းနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ရုံးခွဲမှ ဝန်ထမ်းများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဦးစီးဌာနများမှ တိုင်းတာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး ဌာနများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (၅၀၀)

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၇

တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နယ်မြေဒေသအခြေအနေအရ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏အဓိကလုပ်ငန်းဖြစ်သော ပြည်သူတို့၏တိုင်ကြားစာများကို စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တတ်နိုင်သမျှဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဖွဲ့ခွဲများအနေဖြင့် ပြည်သူများအသိပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဥပဒေအသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကို တတ်နိုင်သမျှဆောင်ရွက်ပေးစေလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသူများက မိမိတို့အဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရာတွင် ပြည်သူများ၏ဥပဒေရေးရာနစ်နာမှုများနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေအောင် မည်သို့ဆက်လက်လုပ်ဆောင်ကြမည်ကို ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကြံပြုချက်များ၊ ဥပဒေအသိပညာပေးဆွေးနွေးပွဲများ ကျင်းပမည့်အစီအစဉ်များနှင့် ပြည်သူလူထု၏ယုံကြည်ကိုးစားမှုရရှိအောင်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး/ပြည်နယ်တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲများမှ အဖွဲ့ဝင်များကလည်း အွန်လိုင်းဖြင့်တက်ရောက်ခဲ့ကြကြောင်းသိရသည်။ (၅၀၀)





ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

⏭ ရှေ့ဖုံးမှအဆက်

အသင်းကို ရမှတ်(၇၀-၆၇)မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက်ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ **ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို ၂ ဂိုး ၁ ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ **အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရ



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားသုံးယောက်တွဲဝိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ယောက်အသာ၊ **ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း**ကို ၆ ယောက်အသာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ယောက်အသာ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၁ ယောက်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ တိုင်းဒေသကြီးမှ ရဲမင်းနိုင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား (၇၁) ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ခရစ်ဖာကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောလှဟန်အေးက မန္တလေးတိုင်းဒေသကြီးမှ ရဲမင်းနိုင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားသုံးယောက်တွဲဝိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၂ ယောက်အသာ၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ယောက်အသာဖြင့် ဆုရရှိခဲ့ကြသည်။

အမျိုးသမီး (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝေယံဦးကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ဧရာဝတီတိုင်းဒေသကြီးမှ ငြိမ်းပြည့်စုံကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး (၅၂) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းငယ်ငယ်ထူးကို ၃-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို ၆ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၆ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဆုတံဆိပ်များရရှိမှုအနေဖြင့် **ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ** မွန်ပြည်နယ်က ရွှေ ၁ ခု၊ ကရင်ပြည်နယ်က ငွေ ၁ ခု၊ ရခိုင်ပြည်နယ်က ငွေ ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးက ကြေး ၁ ခု နှင့် မန္တလေးတိုင်းဒေသကြီးက ကြေး ၁ ခု၊ **မသန်စွမ်း အားကစားနည်းပြိုင်ပွဲများ**တွင် ဧရာဝတီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေ ၅ ခု၊ ကြေး ၄ ခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ ၈ ခု၊ ငွေ ၅ ခု၊ ကြေး ၇ ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၇ ခု၊ ငွေ ၇ ခု၊ ကြေး ၅ ခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေ ၄ ခု၊ ငွေ ၉ ခု၊ ကြေး ၁၁ ခု၊ မွန်ပြည်နယ်က ရွှေ ၄ ခု၊ ငွေ ၇ ခု၊ ကြေး ၄ ခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်က ရွှေ ၄ ခု၊ ငွေ ၅ ခု၊ ကြေး ၆ ခုတို့ကို ဆွတ်ခူးရရှိထားကြကြောင်း သိရသည်။ **(သတင်းစဉ်)**



ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

တစ်ဦးချင်းပြိုင်ပွဲ(အကျော်မဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ(အကျော်ပေး)၊ အသင်းလိုက်ပြိုင်ပွဲ(အကျော်မဲ့)နှင့် အသင်းလိုက်ပြိုင်ပွဲ(အကျော်ပေး) ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေနေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား(၇၇)ကီလိုတန်းပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက မန္တလေးတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ရန်ကုန်တိုင်းဒေသကြီးမှ အံ့ထူးနိုင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျန်ဆန်က မကွေးတိုင်းဒေသကြီးမှ သာလင်းထက်ကို ဒေသကြီးမှ နော်သီရိစန္ဒာကိုလည်းကောင်း၊ **အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ကရင်ပြည်နယ်မှ နန်းအေးသန္တာအောင်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းက မွန်ပြည်နယ်မှ ငြိမ်းအေးသူကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှန်းဒိတ်ဆန်က မန္တလေးတိုင်းဒေသကြီးမှ အိအိထွေးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုန္ဓယ်က တနင်္သာရီတိုင်းဒေသကြီးမှ မာလာစိုးကိုလည်းကောင်း



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Myanmar exports over 700 tons of honey in the past seven months of this FY

YANGON December 7

Myanmar exported 786 metric tons of honey valued at US$-1.179 million in the past seven months from April to October of the current financial year 2024-2025, according to the Apiculture Division under the Livestock Breeding and Veterinary Department.

The seaborne honey export exceeded 738 tons while the border posts registered 47.8 tons of honey exports in the past seven months.



Myanmar's honey mostly went to China, Japan, South Korea, Thailand, the US and Singapore.

Myanmar delivered over 2,200 metric tons of honey to foreign trade partners in the last FY 2023-2024 (April- March), the Apiculture Division's data showed.

Sagaing and Mandalay regions are the leading producers of Myanmar's honey. Myanmar's beekeeping businesses are also found in Yangon, Bago and Magway regions, Kachin, Kayah, Kayin and Shan states. Myanmar produces sesame honey, jujube honey, Niger honey, sunflower honey, lychee honey and flower honey.

Myanmar's honey production is estimated at over 4,000 metric tons annually. Sixty percent went to foreign markets while the remaining was designated for domestic consumption. Honey is utilized as a traditional medicine in the country.

There are some state-owned beekeeping stations with 6,200 beehives in 31 townships and over 950 private beekeeping businesses operating with nearly 200,000 beehives.

Moreover, two million acres of crops yearly contribute to bee pollination every year. The beekeeping businesses near the crop fields contribute to the successful yield of the crop as well as quality bee production.

With the aim of ensuring food sufficiency and increasing the income of farmers, 1.315 acres of winter crops were cultivated in Chaungzon Township of Mon State.

In order to achieve high yield, officials from the Township Agriculture Departments are making field trips and providing farmers with necessary assistance such as agricultural techniques, good quality seeds, methods of planting and prevention of pest infestation in collaboration with relevant farmers in the Township, according to the Township Agriculture Department.

The Township Agriculture Department has earmarked to grow 3,937 acres of sunflower, 1,363 acres of groundnut, 25 acres of sesame, 124 acres of summer paddy and 399 acres of varieties of beans this cold season. Now, efforts are being made to meet the target areas.

SK

Merchants from Maubin Township dispatch 80,000 viss of squid to Yangon market

MAUBIN December 7

Local businesspersons engaging in fishery sector in Maubin Township of Ayeyawady Region sent 80,000 viss of squids to Yangon market said Daw Aye Soe, the owner of fishery product trading in Maubin Township.

They supplied 65,000 viss of squids called cuttlefish to Yangon market in September but 80,000 in October. The large squid fetches Ks-29,500 per viss and the small one, Ks-25,000 per viss in the domestic market.

Daw Aye Soe clarified: "Maubin Township sold 80,000 viss of squid to Yangon market in October. At present, squids flow into the market of Maubin. So, businesspersons send squids to Yangon market but its price is stable. Pyapon Township primarily sends cuttlefish to Yangon market only. Now, demand is high to purchase squid at the domestic market."

Businesspersons in Maubin Township systematically process squids and sell it to Yangon. Thanks to high demand of squids, merchants, fishermen and brokers as well as those in the production chains are convenient in earning incomes for their families.

SMK

Farmers complete harvesting maize and corns in Kalay Township

KALAY December 7

Statistics of Kalay Township Agriculture Department mentioned that a total of 21,524 acres of maize and corns as monsoon crops in Kalay Township of Sagaing Region this year.

Local authorities earmarked 17,254 acres of maize and 6,028 acres of corns, totalling 23,282 acres in Kalay Township in 2024-2025 monsoon season. But, local farmers have planted 16,572 acres of maize and 6,307 acres of corns, totalling 22,879 acres, against the target cultivation. They harvested 16,572 acres of maize, yielding 67.02 baskets per acre and 4,952 acres of corns, yielding 15,000 pieces of corns.

U Naing Tun Win, Head of Kalay Township Department of Agriculture said: "This year, local farmers grew 22,879 acres of maize and corns in Kalay Township. So far, they have harvested 21,524 acres of crops with high yield of crops. We helped local farmers thrive crops and prevent pests with agricultural techniques."

This year, officials of the Township Agriculture Department conducted training courses for ensuring capacity enhancement of staff members and local farmers to grow maize and corns in the township. Moreover, the department provided techniques of prevention of pests and making natural fertilizers and pests.

In Kalay Township, maize yielded 60 baskets per acre. It needs to cost Ks-500,000 per acre. Corns yielded 15,000 pieces of corns, costing Ks-500,000 per acre.

SK

Htigyaing Township cultivates over 40,000 acres of rain-fed rice

HTIGYAING December 7

A total of 40,010 acres of rain-fed rice have been planted in Htigyaing Township, Katha District, Sagaing Region this year, according to statistics from the Department of Agriculture for Htigyaing Township.

During the 2024-2025 rain crops planting season, 40,278 acres of rain rice crops are planned to be planted in Htigyaing Township, and 40,010 acres have been planted since June this year.

"We are providing the necessary technologies and types to reach the target acreage of rain-fed rice," said U Ko Ko Aung, head of the Department of Agriculture for Htigyaing Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, providing education on prevention of pest infestation, preventing damage to crops and notifying the timely arrival of the harvested rice under the shelter.

SMK

Kanbalu Township cultivates over 188,000 acres of oilseed crops

KANBALU December 7

Farmers in Kanbalu Township of Sagaing Region have finished cultivation of over 188,000 acres of oilseed crops this cold season, according to the Township Agriculture Department.


The Township Agriculture Department has designated to grow 202,217 acres of oilseed crops such as groundnut, sesame, sunflower, niger or guizotia abyssinica and mustard starting from September this year, and as of now, a total of 188,010 acres of oilseed crops including 87,803 acres of groundnut, 95,715 acres of sesame, 1,927 acres of sunflower, 2,033 acres of Niger or Guizotia abyssinica and 532 acres of mustard have been planted.

"202,217 acres of varieties of oilseed crops have been allocated to plant this cold season in the entire Township, and as of 30 November, 188,010 acres of oilseed crops have been cultivated. Now, relevant officials from Department of Agriculture are imparting knowledge on agricultural sector to farmers," said an official from the Township Department of Agriculture.

Local farmers in Kanbalu Township are mainly engaged in agricultural business, and they are expanding their seasonal cultivation of crops by consulting with agricultural experts.

SMK

Gawringyi Island attracts the visitors in this open season



NGAPUTAW December 7

Gawringyi Island, located in Nanthapu Village, Ngaputaw Township, Ayeyawady Region, attracted 12,000 domestic visitors in November, according to the Myanmar Hoteliers Association (Ayeyawady Region).

Since early 2015, Gawringyi Island has been a popular tourist destination for both domestic and international travellers. However, it remains relatively difficult to access, limiting visits mainly to those with private vehicles.

"Although the number of visitors is not as high as it was around 2020, interest in the island has revived this year. Unlike other beaches in Ayeyawady Region that attract visitors year-round, Gawringyi Island sees a noticeable increase in tourists during the dry season," said an official from the Myanmar Hoteliers Association (Ayeyawady Region).

Most visitors to Gawringyi Island come from Yangon Region and the Nay Pyi Taw Council Area, with some also travelling from other townships in Ayeyawady Region.

Currently, the island and its surrounding areas offer accommodation through one hotel, five bungalows, and six guest houses, catering to the needs of tourists.

SK

Betel leaves weighing 62,000 viss sent to Yangon market

NYAUNGDON December 7

Businesspersons from Nyaungdon Township of Ayeyawady Region sent 62,000 viss of betel leaves to Yangon market in October, said Daw Maw Lin, the owner of the betel leaves and areca nut trading centre in Nyaungdon Township.

They sold 40,000 viss of betel leaves to Yangon in September but 62,000 viss in October. Betel leaves from Nyaungdon are high quality with high demand of consumers.

Daw Maw Lin disclosed: "Transport route between Nyaungdon and Yangon is smooth, and prices of betel leaves are not much different from other regions. So, local people sell betel leaves to Yangon. They sold 62,000 viss of betel leaves in October alone. So, local betel farm owners can earn incomes."

Businesspersons process betel leaves from their farms and sell them to Yangon market. It fetches Ks-200,000 per 10 viss.

SMK

Winter agricultural loans dispensed to farmers in Kamma Township

KAMMA December 7

With the aim of ensuring cultivation and production of crops, winter agricultural loans for 2024-2025 fiscal years are being disbursed to farmers who are also members of the Bank from 18 village tracts in Kamma Township of Magway Region.

The Township Myanma Agricultural Development Bank has disbursed the loans to 43 farmers for 152 acres of farmland at 10:00 am on 4 December. As of December 4, the Bank has disbursed Ks-186.9 million to 564 farmers from nine village tracts for 1869 acres of farmland at the rate of Ks-100,000 per acre of winter crops such as ground nut, green gram, mung bean and Black Pelun Beans. So far, 50 percent of the loans have been dispensed to farmers in the Township.

The rest of farmers from 18 village tracts in the Township will be disbursed winter agricultural loans.

SMK

Myaungmya Township supplies 75,000 bags of Ayeya Padetha paddy to Yangon market

MYAUNGMYA December 7

Daw Thuza Win, the owner of rice and paddy trading in Myaungmya Township of Ayeyawady Region disclosed that local merchants sent 75,000 bags of Ayeya Padetha paddy to Yangon market in October.

They could sell 55,000 bags of paddy in September but rose 75,000 bags in October.

Daw Thuza Win explained: "Last month, we sold 75,000 bags of Ayeya Padetha paddy to Yangon market. Local merchants focus on sale of agricultural produce to Yangon market only. Ayeya Padetha paddy is one of the non-premium paddy strains. But, consumers prefer to eat it. Due to high demand from Yangon market, local merchants are convenient in earning incomes."

Ayeya Padetha paddy fetches Ks-1.955 million per 100 baskets in Yangon market.

SK

Sagaing Township harvests over 30,000 acres of rain-fed green beans

SAGAING December 7

A total of 30,551 acres of green beans planted in Sagaing Township, Sagaing District, Sagaing Region in this year's rainy season have been harvested, according to statistics from the Department of Agriculture for Sagaing Township.

During the 2024-2025 rain crops planting season, 45,137 acres of green beans were planted in Sagaing Township, and the cultivated fields were harvested from August this year. To date, 321 acres of pre-rain green beans have yielded 16.81 baskets per acre and 30,230 acres of rain-fed green beans have yielded 15.53 baskets per acre.

"During this year's rainy season, Sagaing Township had targeted to plant 45,548 acres of green beans, and 45,137 acres were planted. Those fields have already been harvested. To date, 30,551 acres have been harvested. The harvesting is still ongoing. There is education on how to expand green bean cultivation, and education on the use of pure varieties to improve yields," said Ko Zaw Oo, head of the Department of Agriculture for Sagaing Township.

SK

Syrian, Russian forces launch massive attacks on terrorist positions near Homs and Hama



MOSCOW December 7

Syrian troops, together with the Russian Aerospace Forces, launched massive strikes on terrorist positions and supply routes in the provinces of Homs and Hama, the Syrian Defence Ministry said.

"Our forces operating in the provinces of Hama and Homs are carrying out massive strikes with cannon and rocket artillery on [terrorist] positions and supply routes. Additionally, the Syrian and Russian combat aircraft carried out joint strikes on terrorist concentrations in the northeast of the province of Homs. Ten militants and their equipment were eliminated," the statement read.

Syrian forces carried out a redeployment from the cities of Suwayda and Daraa, creating a strong line of defence in these directions, ministry also noted earlier.

"Our forces located in Daraa and Suwayda carried out a redeployment, creating a strong line of defence in these directions after terrorists attacked military checkpoints located in the distance in order to distract our forces, which started to regain control in Homs and Hama provinces," the statement said.

Sputnik

Iran successfully launches Saman-1 satellite into orbit

TEHRAN December 7

Iran has successfully launched its homegrown Saman-1 satellite into orbit using the Simorgh satellite launch vehicle, Iranian media reported on Friday.

The Saman-1 orbital unit, carrying two payloads, was launched by a Simorgh rocket from the Imam Khomeini Space Launch Terminal and successfully entered an elliptical orbit with its closest point to Earth at 452.7 miles and its farthest point at 186.4 miles, the Tasnim news agency said.

The Simorgh launch vehicle, which runs on liquid fuel, was developed by the Iranian Defence Ministry. This was its eighth launch. A new record was set for Iran with the successful launch into orbit of a payload totaling over 600 pounds, the report said.

Sputnik

Israel claims to have intercepted Yemeni missile

MOSCOW December 7

The Israeli air force (IAF) intercepted a missile fired from Yemen toward Israel, the Israel Defence Forces (IDF) said on Saturday.

"A short while ago, a missile fired from Yemen was intercepted by the IAF," the IDF said on Telegram.

The missile had been intercepted before it could enter Israeli territory, the IDF said.

The Houthis, who control northern Yemen, have vowed to continue shelling Israel until a ceasefire is in place in the Gaza Strip. The ceasefire talks have been stalled since August after negotiators came up with an updated version of the peace deal announced by US President Joe Biden in late May, which contained a detailed schedule and locations for the withdrawal of Israeli troops from Gaza.

On October 7, 2023, Israel was subjected to an unprecedented rocket attack from the Gaza Strip. In addition, Hamas fighters infiltrated the border areas, opened fire on the military and civilians and took hostages. Israeli authorities say that about 1,200 people were killed during the raid. In response, the IDF launched Operation Iron Swords against Hamas in the Gaza Strip. **Sputnik**



Storm Darragh causes power cuts, travel disruption in UK



LONDON December 7

Tens of thousands of homes were left without power, rail and air travel faced disruptions, and sports events were canceled across the UK on Saturday as storm Darragh struck.

According to the National Grid, around 60,000 premises were without electricity, including over 35,000 in Wales and 19,000 in the South West.

Cardiff Airport closed its runway until Saturday afternoon to ensure safety. Flights at other airports, such as Liverpool and Manchester, faced cancellations or delays throughout the day.

The National Rail said that the storm was expected to bring "significant disruption with heavy rain and wind," with services across England, Wales and Scotland likely to be affected throughout the weekend.

Sporting events, including the Merseyside derby between Everton and Liverpool scheduled for Saturday, were postponed or canceled on safety grounds due to severe weather and high winds.

A rare red warning for wind, issued by the Met Office, is in effect for South West England and Wales until midday Saturday, indicating a potential danger to life due to the severe weather. Several amber and yellow warnings for wind and rain are also in place across other parts of the country. In the meantime, over 100 flood warnings and alerts are in place.

In Ireland, around 400,000 homes and businesses were without power, several flights were canceled, and rail services were disrupted as a result of Darragh, the fourth named storm of the season. **Xinhua**

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 18

used to (do)

A **Study this example situation:**



Nicola doesn't travel much these days.
She prefers to stay at home.

But she **used to travel** a lot.
She **used to go** away two or three times a year.

She **used to travel** a lot = she travelled oft en in the past, but she doesn't do this any more.

B I **used** to do something = I did it often in the past, but not any more:

- **I used to play** tennis a lot, but I don't play very much now.
- David **used to spend** a lot of money on clothes. These days he can't afford it.
- 'Do you go to the cinema much?' 'Not now, but I **used to**.' (= I used to go)

We also use **used to** … for things that were true, but are not true any more:

- This building is now a furniture shop. It **used to be** a cinema.
- I **used to think** Mark was unfriendly, but now I realise he's a very nice person.
- I've started drinking coff ee recently. I never **used to like** it before.
- Lisa **used to have** very long hair when she was a child.

C **'I used to** do something' is past. There is no present. You cannot say 'I use to do'.

To talk about the present, we use the present simple **(I do)**.

Compare:

past	he **used to play**	we **used to live**	there **used to be**
present	he **plays**	we **live**	there **is**

- We **used to live** in a small village, but now we **live** in a city.
- There **used to be** four cinemas in the town. Now there **is** only one.

D The normal question form is **did** (you) **use to** … ? :

- **Did** you **use to eat** a lot of sweets when you were a child? (= did you do this often?)

The negative form is **didn't use to** … (**used not to** … is also possible):

- I **didn't use to like** him. (or I **used not to like** him.)

Raymond Murphy

HEALTH

ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် အကောင်းဆုံးအဖော်မွန်

ကျန်းမာရေးပညာရှင်တော်တော်များများက လူတစ်ယောက်ဟာတစ်ရက်ရေရှစ်ခွက်မဖြစ်မနေသောက်သင့်တယ်လို့ အကြံပြုထားတာရှိပါတယ်။ ရေရှစ်ခွက်ဆိုတာ နှစ်လီတာပမာဏရှိပါတယ်။ ရေသန့်ဘူး နှစ်ဘူးစာပေါ့။ ဒီထက်ပိုသောက်မယ်ဆိုရင်လည်း ပြဿနာမရှိဘူးလို့လူတချို့ကသုံးသပ်ထားကြပါတယ်။

ဆန်ဖရန်စစ္စကိုတက္ကသိုလ်မှ သုတေသနပညာရှင်များက ဒီလိုမျိုးပြောဆိုနေမှုများနဲ့ပတ်သက်ပြီး သက်သေပြနိုင်စေဖို့အတွက် လေ့လာမှုတွေလုပ်ခဲ့ပါတယ်။ အဲဒီလိုလေ့လာမှုတွေကနေ တွေ့ရှိလိုက်ရတဲ့အချက်က ရေဆိုတာကိုယ်အလေးချိန်လျှော့ချလိုသူတွေအတွက် အကောင်းဆုံးအဖော်မွန်ဖြစ်တယ်ဆိုတဲ့အချက်ပါပဲ။

မိမိတို့ရဲ့ခန္ဓာကိုယ်မှာရေဓာတ်ပြည့်ဝနေတယ်ဆိုရင် ခန္ဓာကိုယ်အလေးချိန်ကိုလျော့ကျစေရုံသာမက ကျောက်ကပ်မှာကျောက်တည်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းတို့ကိုပါကာကွယ်ပေးနိုင်တဲ့အပြင် သွေးပေါင်ချိန်ကိုလည်း ကျဆင်းစေနိုင်တယ်လို့ သုတေသီများကပြောပါတယ်။

နောက်တစ်ချက်က အစားအစာကိုမစားသောက်မီ ရေကိုသောက်ထားမယ်ဆိုရင်လည်း လူတော်တော်များများခံစားနေရတဲ့ အဝလွန်ခြင်းရောဂါကိုကာကွယ်ပြီးသားဖြစ်သွားစေမှာပါ။ **Ref: STD**

K.H



ဗီတာမင်ဒီကို လိုတာထက်ပိုစားလည်း အမျိုးအစား ၂ ဆီးချိုရောဂါကို မကာကွယ်နိုင်ပါ


မိမိတို့ရဲ့ခန္ဓာကိုယ်မှာ ဗီတာမင်ဒီဓာတ်နည်းပါးချို့တဲ့ခြင်းက အမျိုးအစား ၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို ပိုမိုမြင့်တက်စေတယ်လို့ သုတေသနတွေမှာတွေ့ရှိရပါတယ်။ ဒါကြောင့် ဖင်လန်အရှေ့ပိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ဗီတာမင်ဒီကို လိုတာထက်ပိုစားရင်ရောဘယ်လိုမျိုးအကျိုးသက်ရောက်မှုတွေရှိစေမလဲဆိုတာ လေ့လာခဲ့ကြပါတယ်။

ဒါပေမဲ့လည်း သူတို့တွေ့ရှိလိုက်ရတဲ့အချက်က သက်ကြီးရွယ်အိုတွေက ဗီတာမင်ဒီဓာတ်ကို လိုအပ်တာထက်ပိုပြီးငါးနှစ်ကျော်ကြာပိုစားလည်း အမျိုးအစား ၂ ဆီးချိုရောဂါဖြစ်ပွားမှုအပေါ် ဘယ်လိုမျိုးသက်ရောက်မှုမှ မရှိဘူးဆိုတဲ့အချက်ပါပဲ။ သို့ပေမယ့် ဗီတာမင်ဒီကိုစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးတစ်ခုရရှိစေတာကိုလည်း တွေ့ရှိထားပါတယ်။

ဗီတာမင်ဒီဓာတ်ကို သတ်မှတ်ထားတဲ့ပမာဏထက် အနည်းငယ်ပိုပြီးစားသုံးရင် သွေးတွင်းသကြားဓာတ်ညီမျှမှုမရှိတဲ့သူတွေမှာ အမျိုးအစား ၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို အနည်းငယ်လျှော့ချပေးနိုင်တယ်ဆိုတဲ့အချက်ပါ။ ဒါပေမဲ့ လူတိုင်းကို တော့မဟုတ်ပါဘူး။ ဆီးချိုရောဂါဖြစ်ဖို့အစပျိုးနေတဲ့သူတွေမှာပဲ အဲဒီအကျိုးရလဒ်ကရရှိတာဖြစ်ပါတယ်။

ဖင်လန်မှသုတေသနပညာရှင်များက ၂၀၁၂ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်းမှာ သက်ကြီးအမျိုးသား၊ အမျိုးသမီး ၂၄၅၉ ဦးကိုလေ့လာခဲ့တာဖြစ်ပါတယ်။ **Ref: STD**

K.H



MILITARY

Captor-E Mk 1 Radar များတပ်ဆင်စမ်းသပ်နေတဲ့ စပိန်ရဲ့ Eurofighter တိုက်လေယာဉ်များ



Airbus ကုမ္ပဏီက နာမည်ကျော်ကြားလှတဲ့ သူတို့ရဲ့ Eurofighter Typhoon တိုက်လေယာဉ်များမှာ အဆင့်မြင့်ရေဒါအမျိုးအစားအသစ်တစ်ခုကိုတပ်ဆင်ပြီး စမ်းသပ်မှုတွေလုပ်နေပါတယ်။

အဲဒီရေဒါအမျိုးအစားက Captor-E Mk 1 Radar ပဲဖြစ်ပါတယ်။ သူ့ကိုစပိန်လေတပ်ရဲ့ ဟယ်ကွန်အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် တပ်ဆင်စမ်းသပ်မှုတွေလုပ်နေတာပါ။

Captor-E Mk 1 Radar ဆိုတာမျိုးက အနောက်အုပ်စုရဲ့ စွမ်းဆောင်ရည်မြင့်ရေဒါတွေထဲမှာ တစ်မျိုးအဖြစ်ပါဝင်နေတာဖြစ်ပါတယ်။ Captor-E အင်တာနာတပ်ဆင်ထားတဲ့အတွက် ပတ်ဝန်းကျင်ဂရုပြုမှုနဲ့တိကျတိုက်ခိုက်နိုင်စွမ်းတို့ကို တိုးမြင့်စေမှာဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ Eurofig-hter Typhoon တိုက်လေယာဉ်အုပ်မှာ ဒီထက်ပိုမိုအဆင့်မြင့်တဲ့ Captor-E Mk 2 Radar ကိုစမ်းသပ်နေပါတယ်။ **Ref: AR**

K.H

ခေတ်သစ်စစ်ပွဲအတွက် လက်နက်ကောင်းဖြစ်လာမယ့် NGSW



NGSW ဆိုတာက မျိုးဆက်သစ်တပ်ဖွဲ့ငယ်များအတွက် လက်နက်စနစ်ကို ဆိုလိုတာဖြစ်ပါတယ်။ သူ့မှာ XM7 နဲ့ XM250 ချေမှုန်းရေးရိုင်ဖယ်များအပြင် XM157 ပစ်ခတ်မှုထိန်းချုပ်ရေးယူနစ်တို့ပါဝင်ပြီး ၆ ဒသမ ၈ မီလီမီတာ ကျည်ဆန်များကို အသုံးပြုထားတာပါ။

အမေရိကန်ကြည်းတပ်ရဲ့စံပြသေနတ်ဖြစ်တဲ့ M4 ကာဘိုင်နဲ့ M249 သေနတ်တွေနေရာမှာ အစားထိုးဝင်လာမယ့် ဒီသေနတ်တွေက ပေါ့ပါးမှု၊ ပစ်ခတ်ရောက်ရှိမှုနဲ့ တိကျမှုတို့မှာ အရင်သေနတ်များထက် ပိုမိုမြင့်မားနေပါတယ်။

ဒါ့အပြင် အရင်တုန်းကမရှိဘူးတဲ့ ပစ်ခတ်မှုထိန်းချုပ်ရေးယူနစ်ကြောင့်လည်း ဒီသေနတ်တွေက ပစ်မှတ်ကိုပစ်ခတ်ရာမှာ ပိုမိုတိကျစွာနဲ့လျင်မြန်စွာပစ်ခတ်နိုင်စေမှာဖြစ်ပါတယ်။ အခုတော့ ဟာဝိုင်ယီကျွန်းရှိ ကြည်းတပ်လက်ဖြောင့်တပ်ဖွဲ့တစ်ခုက စစ်သည်တွေကို ဒီသေနတ်တွေနဲ့လေ့ကျင့်မှုတွေ ပေးနေတာတွေ့ရှိရပါတယ်။ **Ref: AR**

K.H

ရေကြောင်းလုံခြုံရေးကိုခိုင်မာစေမယ့် တော်ပီဒိုပါရေအောက်သွားယာဉ်

အီတလီကာကွယ်ရေးကုမ္ပဏီများဖြစ်တဲ့ Drass နဲ့ Leonardo တို့က လက်ရှိပေါ်ပေါက်နေတဲ့ ရေပိုင်နက်ခြိမ်းခြောက်မှုများကိုကိုင်တွယ်နိုင်စေဖို့အတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုလုပ်လိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။

သူတို့ကုမ္ပဏီနှစ်ခုရဲ့ပူးပေါင်းမှုကနေထွက်ပေါ်လာမယ့်အရာက တော်ပီဒို တပ်ဆင်ထားတဲ့ ရေအောက်သွားယာဉ်ဖြစ်ပါတယ်။ အဲဒီယာဉ်က ကမ်းရိုးတန်းနဲ့ရေတိမ်ပိုင်းဒေသတွေမှာ ရေကြောင်းလုံခြုံရေးကိုပိုမိုခိုင်မာစေမှာပါ။



သူတို့ရဲ့သဘောတူညီချက်အရ Drass ရဲ့ DS8 ရေအောက်သွားယာဉ်မှာ Leonardo ရဲ့ Black Scorpion အပေါ့စား တော်ပီဒိုကိုတပ်ဆင်မှာဖြစ်တာကြောင့် ရေပြင်ပစ်မှတ်များကို တိကျစွာနဲ့ထိရောက်စွာပစ်ခတ်နိုင်မှာဖြစ်ပါတယ်။ **Ref: AR**

K.H

ရုရှားက ဘယ်လာရုစ်၌ Oreshnik ဒုံးကျည်များချထားမည်

မင့်၊ စစ်ရေး

ရုရှားနိုင်ငံ၏ နောက်ဆုံးပေါ်အဆင့်မြင့် အသံနှုန်းလွန်ဒုံးကျည်ဖြစ်သော Oreshnik ဒုံးကျည်ကို ဘယ်လာရုစ်နိုင်ငံ၌ ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောသည်။

ရုရှားသမ္မတသည် အိမ်မနီးချင်းမဟာမိတ် နိုင်ငံဖြစ်သော ဘယ်လာရုစ်နိုင်ငံသို့ရောက်ရှိပြီး သမ္မတလူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးစဉ် ယခုကဲ့သို့ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

Oreshnik ဒုံးကျည်များသည် လက်ရှိတွင် ရုရှားတပ်မတော်၌ တရားဝင်အသုံးပြုခြင်းမရှိသေးဘဲ စမ်းသပ်စစ်ဆင်မှုများသာလုပ်ဆောင်ထားဆဲဖြစ်သည်။

ထိုဒုံးကျည်များအနေဖြင့် အသုံးပြုရန် အသင့်ဖြစ်ပါက ရုရှားမဟာဗျူဟာမြောက် ဒုံးတပ်ဖွဲ့သို့လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဘယ်လာရုစ်နိုင်ငံတွင်လည်း ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်ကြောင်း ပူတင်ကပြောထားခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် နျူကလီးယားထီးရိပ်အောက်တွင် ဘယ်လာရုစ်နိုင်ငံကိုထည့်သွင်းထားပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ နျူကလီးယားလက် နက်များကိုလည်း ဘယ်လာရုစ်၌ ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် Oreshnik ဒုံးကျည်များကိုလည်း ဖြန့်ကြက်ပေးရန် ဘယ်လာရုစ်သမ္မတက တောင်းဆိုခြင်းဖြစ်ကြောင်း RT သတင်းဌာနကဖော်ပြထားသည်။

ထို့နောက် ပူတင်က လူကာရှန်ကို၏ တောင်းဆိုချက်ကိုသဘောတူပြီး အဆိုပါ ဒုံးကျည်များကို ၂၀၂၅ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဖြန့်ကြက်သွားနိုင်ခြေရှိကြောင်း ပြောသည်ဟုသိရသည်။ **Ref: RT**



ဗြိတိန်နိုင်ငံတစ်ဝန်းသို့ မုန်တိုင်းဒဏ်ရာဝင်ရောက်တိုက်ခတ်

လန်ဒန်၊ ရာသီဥတု

ဗြိတိန်နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာလ ၇ ရက်တွင် မုန်တိုင်းဒဏ်ရာ ဝင်ရောက်တိုက်ခတ်ကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူသိန်းပေါင်းများစွာမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့်ရင်ဆိုင်ရကြောင်းသိရသည်။

အထူးသဖြင့် မုန်တိုင်းသည် ဝေလပြည်နယ်နှင့် အင်္ဂလန်အနောက်တောင်ပိုင်းဒေသတို့ကိုဝင်ရောက်သည့်အတွက် လေပြင်းတိုက်ခတ်မှုများဖြစ်ပွားရာ ထိုဒေသ၌နေထိုင်သော ပြည်သူသုံးသန်းကျော်အနေဖြင့် နေအိမ်အပြင်မထွက်ရန် မိုးလေဝသဌာနမှတာဝန်ရှိသူများက ဒီဇင်ဘာလ ၆ ရက်ညပိုင်းကတည်းက သတိပေးထားသည်။

ယခုရာသီတွင် ဗြိတိန်နိုင်ငံအတွက် စတုတ္ထမြောက်မုန်တိုင်းဖြစ်သည့် မုန်တိုင်းဒဏ်ရာကြောင့် သီတင်းပတ်အကုန်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းနိုင်သည်ဟု တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားသည်။ အလားတူ နိုင်ငံတစ်ဝန်းရှိ နေရာပေါင်း ၁၀၀ ကျော်တွင် ရေကြီးနိုင်သည့် သတိပေးချက်များကိုလည်းထုတ်ပြန်ထားရသည်။

အလားတူ လေပြင်းတိုက်ခတ်မှုများကြောင့် သစ်ပင်များကျိုးကျခြင်း၊ အမြစ်မှကျွတ်ထွက်ခြင်းများလည်းဖြစ်ပွားသည့်အတွက် လမ်းများပိတ်ဆို့နေသောကြောင့် ရထားခရီးစဉ်များစွာကို ဖျက်သိမ်းထားရသည်။

ဗြိတိန်နိုင်ငံရှိဒေသတစ်ဝန်းသို့ မုန်တိုင်းဘဝ်ဝင်ရောက်တိုက်ခတ်မှုအပြီး သီတင်းနှစ်ပတ်အကြာတွင် မုန်တိုင်းဒဏ်ရာက ဝင်ရောက်တိုက်ခတ်ခြင်းဖြစ်သည်။ မုန်တိုင်းဘဝ်ကြောင့်လည်း ရေကြီးမှုများနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားကြောင်းသိရသည်။

Ref: RTA



မီးလောင်ပေါက်ကွဲမှုကြောင့် သဟေ့မြို့ရှိ သုံးထပ်အိမ်ရာပြိုကျ

သဟေ့၊ မတော်တဆမှု

နယ်သာလန်နိုင်ငံ သဟေ့မြို့ရှိသုံးထပ်အိမ်ရာတစ်ခုသည် မီးလောင်မှုနှင့်ပေါက်ကွဲမှုကြောင့် ဒီဇင်ဘာလ ၇ ရက်တွင်ပြိုကျမှုဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူများကပြောသည်။

အဆိုပါမတော်တဆမှုကြောင့် ဒဏ်ရာရရှိသူလေးဦးကို အပျက်အစီးများအောက်မှကယ်ဆယ်ကာ ဆေးရုံတင်ထားပြီး ကျန်ရှိနေသူများကိုလည်း အနံ့ခံခွေးများအသုံးပြု၍ ရှာဖွေမှုများဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မြို့လယ်ကောင်နှင့်မနီးမဝေးတွင်တည်ရှိသည့် အဆိုပါသုံးထပ်အိမ်ရာ၌ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းနှင့် လူဦးရေမည်မျှပျောက်ဆုံးနေသည်တို့ကိုမသိရသေးကြောင်း တာဝန်ရှိသူများကပြောသည်။ ပေါက်ကွဲမှုဖြစ်ပွားစဉ်တွင် ငလျင်လှုပ်သကဲ့သို့ပင် တုန်ခါမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref: RTA

သတင်းတိုကဏ္ဍ

ထရမ့်က နိုထရေဒမ်ဘုရားကျောင်းဖွင့်ပွဲနှင့်အတူ ကမ္ဘာ့စင်မြင့်သို့ပြန်လည်ရောက်ရှိ

အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က နိုထရေဒမ်ဘုရားကျောင်းဖွင့်ပွဲနှင့်အတူ ကမ္ဘာ့စင်မြင့်ထက်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ လွန်ခဲ့သောငါးနှစ်ခန့်က မီးလောင်ပျက်စီးသွားသည့် နာမည်ကျော် နိုထရေဒမ်ဘုရားကျောင်းကို ပြင်ဆင်မွမ်းမံမှုများပြုလုပ်ပြီးနောက် ဒီဇင်ဘာလ ၇ ရက်တွင် ဖွင့်ပွဲကျင်းပရာ အဆိုပါဖွင့်ပွဲသို့ ဒေါ်နယ်ထရမ့်အနေဖြင့် တက်ရောက်လာခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်၏ ပြင်သစ်နိုင်ငံခရီးစဉ်က နှစ်နိုင်ငံကြားဆက်ဆံရေးကိုသာမက ဥရောပနှင့် အမေရိကန်နိုင်ငံတို့ကြားဆက်ဆံရေးကိုပါ တိုးတက်လာစေသည့် အခွင့်အလမ်းတစ်ခုဖြစ်လာစေနိုင်သည်။

ရုရှားနှင့်ယူကရိန်းတို့ကြား ပဋိပက္ခများပြင်းထန်စွာဖြစ်ပွားနေစဉ် ယူကရိန်းသို့ အမေရိကန်က ပေးအပ်လျက်ရှိသော စစ်ရေးအကူအညီများထောက် ပံ့နေမှုရပ်ဆိုင်းသွားမည်ကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက စိုးရိမ်ပူပန်လျက်ရှိကြောင်းသိရသည်။

Ref: BP

ယီမင်မှအစ္စရေးသို့ပစ်ခတ်လိုက်သောဒုံးကျည်ကို အစ္စရေးလေတပ်ကြားဖြတ်ပစ်ချနိုင်

ယီမင်နိုင်ငံမှ အစ္စရေးနိုင်ငံသို့ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်းကိုကြားဖြတ်ပစ်ချလိုက်နိုင်သည်ဟု အစ္စရေးလေတပ်က ဒီဇင်ဘာလ ၇ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုဒုံးကျည်က အစ္စရေးနိုင်ငံပိုင်နက်ထဲသို့မဝင်မီမှာပင်အစ္စရေးလေတပ်က အဆိုပါဒုံးကျည်ကို ကြားဖြတ်ပစ်ချလိုက်နိုင်ခြင်းဖြစ်ကြောင်း လေတပ်၏တယ်လီဂရမ်စာမျက်နှာတွင်ပြောထားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး မရသေးသမျှကာလပတ်လုံး အစ္စရေးနိုင်ငံအပေါ် ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လုပ်သွားမည်ဖြစ်ကြောင်း ယီမင်နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်ထားသည့် ဟူသီအဖွဲ့က ကတိပြုထားသည်။

အမေရိကန်သမ္မတကျိုးဘိုင်ဒင် အကြံပြုထားသော ငြိမ်းချမ်းရေးအစီအစဉ်ပေါ်ထွက်လာပြီးကတည်းက အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုရပ်ဆိုင်းသွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**

ဒိန်းမတ်မှ F-16 တိုက်လေယာဉ် ဒုတိယအသုတ် ယူကရိန်းလက်ခံရရှိ

ဒိန်းမတ်နိုင်ငံက လွှဲပြောင်းပေးအပ်လိုက်သည့် F-16 တိုက်လေယာဉ် ဒုတိယအသုတ်ကို ယူကရိန်းနိုင်ငံကလက်ခံရရှိပြီဖြစ်ကြောင်း ယူကရိန်းသမ္မတဗိုလိုဒိုမာဇီလန်စကီက ဒီဇင်ဘာလ ၇ ရက်တွင်ပြောသည်။

ဒိန်းမတ်နိုင်ငံမှ F-16 တိုက်လေယာဉ် ဒုတိယအသုတ်က ယူကရိန်းသို့ရောက်ရှိလာပြီဖြစ်ကြောင်း၊ ထိုအခြေအနေသည် ပြည်သူများ၏အသက်များကို ကာကွယ်လိုသည့် ခေါင်းဆောင်များ၏စံနမူနာပြလုပ်ရပ်ဖြစ်ကြောင်း ဇီလန်စကီကပြောထားသည်။

ထို့ပြင် ဒိန်းမတ်နိုင်ငံကပေးအပ်ထားသည့် F-16 တိုက်လေယာဉ်ပထမအသုတ်သည် ရှေ့တန်းစစ်မြေပြင်တွင်တိုက်ပွဲဝင်နေပြီဖြစ်ကြောင်း၊ ယခုအခါ ဝေဟင်လုံခြုံရေးမှာ ပိုမိုခိုင်မာလာပြီဖြစ်ကြောင်း ဇီလန်စကီကဆက်ပြောသည်။

နယ်သာလန်၊ ဒိန်းမတ်၊ ဘယ်ဂျီယံနှင့် နော်ဝေနိုင်ငံတို့က ယူကရိန်းနိုင်ငံသို့ F-16 တိုက်လေယာဉ်စုစုပေါင်း ၅၅ စင်းကို လွှဲပြောင်းပေးသွားမည်ဟု သဘောတူထားကြောင်းသိရသည်။ **Ref: RTA**

ပထဝီနိုင်ငံရေးအတွက် အကြမ်းဖက်သမားများကို အသုံးပြုမှုအပေါ် လက်မခံနိုင်ဟု လက်ရှောပြော

ပထဝီနိုင်ငံရေးရည်မှန်းချက်များရရှိစေရေးအတွက် အကြမ်းဖက်သမားများကို အသုံးပြုမှုအပေါ် လက်မခံနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရှော့က ဒီဇင်ဘာလ ၇ ရက်တွင် သတင်းထောက်များကိုပြောသည်။

ဆီးရီးယားနိုင်ငံအတွင်း အကြမ်းဖက်သမားများက အစိုးရထိန်းချုပ်ရာနေရာများကို တိုက်ခိုက်သိမ်းပိုက်နေမှုများလုပ်ဆောင်လာခြင်းအပေါ် ရည်ညွှန်း၍ လက်ရှောကယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါအကြမ်းဖက်သမားများကို အမေရိကန်နှင့် ဗြိတိန်တို့က ထောက်ပံ့ပေးလျက်ရှိပြီး ရုရှားနိုင်ငံကမူ တူကီယဲ၊ အီရန်တို့နှင့်အတူပူးပေါင်း၍ အခြေအနေများတည်ငြိမ်စေရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း လက်ရှောကပြောထားသည်။

ဟာယတ်တာရီယာအယ်ရှမ်းအမည်ခံအကြမ်းဖက်သမားများက ပြီးခဲ့သည့် သီတင်းပတ်မှစ၍ ရုတ်တရက်တိုက်ခိုက်မှုများနှင့်အတူ မြို့အချို့ကို အချိန်တိုအတွင်း သိမ်းပိုက်လာနေခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT

သက်ရှည်ကျန်းမာလှပဖို့ ကိုယ်လက်လှုပ်ရှားကစားစို့

ဒေါက်တာဥမ္မာစော

လူသားတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သောရောဂါများအား ကူးစက်နိုင်သောရောဂါများနှင့် မကူးစက်နိုင်သောရောဂါများဟူ၍ ခွဲခြားလေ့ရှိသည်။ ကိုဗစ်နှင့် တီဘီကဲ့သို့သော ရောဂါပိုးမွှားများကြောင့်ဖြစ်ရသောရောဂါများကို ကူးစက်နိုင်သောရောဂါဟု အမည်တပ်ကြသည်။ များသောအားဖြင့် ဖွံ့ဖြိုးမှုနည်းသော၊ ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများတွင် အစာအာဟာရချို့တဲ့မှုကြောင့် ကိုယ်ခံစွမ်းအားကျဆင်းမှု၊ လူနေထူထပ်မှုကြောင့် ရောဂါပိုးကူးစက်လွယ်မှုတို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းတို့ကြောင့် ကူးစက်နိုင်သောရောဂါများ အဖြစ်များကြသည်။ မကူးစက်နိုင်သောရောဂါများဖြစ်သော သွေးတိုး၊ နှလုံး၊ ဆီးချို ရောဂါ၊ အဝလွန်ရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့သည် မူလသဘောအရ ချမ်းသာကြွယ်ဝသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဖြစ်များသောရောဂါများဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့ရွာဖြစ်လာပြီးနောက် ကမ္ဘာအနှံ့မှ လူသားများကြားတွင် နေထိုင်စားသောက်မှုအကျင့်စရိုက်များ တူညီလာသောအခါ မကူးစက်နိုင်သောရောဂါများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပါ ဖြစ်ပွားနှုန်းများလာခဲ့သည်။

မကူးစက်နိုင်သောရောဂါများကြောင့် ဖြစ်ရသောသေဆုံးနှုန်းမှာ နှစ်စဉ် ၇၀ ရာခိုင်နှုန်းရှိပြီး ကူးစက်နိုင်သောရောဂါများထက်ပင်များသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုမကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေဖြတ်ရောဂါများကိုလျှော့မတွက်ဘဲ အလေးအနက်ထား ကာကွယ်ကုသရန်လိုအပ်သည်။ ထိုရောဂါများကာကွယ်၊ ကုသရေးအတွက် ချိုလွန်းသောအစားအစာများ၊ အဆီများသောအစားအစာများ၊ ဆားဓာတ်များသည့်အစားအစာများ၊ အသင့်စားအစားအစာများနှင့် အရက်၊ ဆေးလိပ်သောက်သုံးခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သကဲ့သို့ အထိုင်များခြင်းကိုလည်း ရှောင်ကြဉ်ရမည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ရမည်။

အားကစားလှုပ်ရှားမှုကို အချိန်ပေးပြုလုပ်သင့်သကဲ့သို့ မိမိတို့ နေ့စဉ်နေထိုင်မှုဘဝတွင်လည်း သွက်လက်စွာလှုပ်ရှားလုပ်ကိုင်သွားလာကြရန်လိုသည်။ အချိန်ကြာမြင့်စွာ တီဗွီကြည့်ရင်း အသင့်စားအစာများ စားသောက်ခြင်း၊ ဖုန်း၊ ကွန်ပျူတာများကြည့်ရှုချိန်များခြင်း၊ လုပ်ငန်းခွင်တွင်ထိုင်၍ အလုပ်လုပ်ချိန်များခြင်းသည် မိမိကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ လုပ်ငန်းခွင်၌ အထိုင်များသူများအနေဖြင့် ပုံမှန်ကိုယ်လက်လှုပ်ရှားကစားခြင်းကို အချိန်ပေးပြုလုပ်သင့်သည်။ ဘော်လီဘော၊ ဘောလုံး၊ ကြက်တောင်၊ တင်းနစ် စသောအားကစားများသာမက လမ်းလျှောက်၊ ရေကူး၊ စက်ဘီးစီး၊ ပြေးခြင်း၊ အားကစားကလပ်များတွင် ပါဝင်ကခုန်ခြင်း၊ gym ကစားခြင်း စသော ကိုယ်လက်လှုပ်ရှားမှုများသည် ကျန်းမာရေးကို များစွာအထောက်အကူပြုစေနိုင်သည့်အပြင် အရွယ်မတိုင်မီသေဆုံးမှုကိုလည်း သိသာစွာလျှော့ချနိုင်သည်ကို တွေ့ရသည်။

ကိုယ်လက်လှုပ်ရှားကစားခြင်းကို တစ်ပတ်လျှင် (တစ်နေ့နာရီဝက်ဖြင့် တစ်ပတ်ငါးကြိမ်) ထိုက်သင့်သလောက် ပြင်းထန်စွာဆောင်ရွက်ပေးခြင်းဖြင့်ပင် သက်ရှည်ကျန်းမာခြင်းကို အထောက်အကူပြုနိုင်ကြောင်းတွေ့ရှိရသည်။ နေ့စဉ် ခပ်သွက်သွက်လမ်းလျှောက်ပေးခြင်းသည် အလွယ်တကူလုပ်ဆောင်နိုင်သော ငွေကြေးအကုန်အကျမရှိသည့် အကောင်းဆုံး ကိုယ်လက်လှုပ်ရှားအားကစားနည်းပင်ဖြစ်သည်။ အရွယ်မတိုင်မီသေဆုံးခြင်းကို အသက် ၆၀ နှစ်အောက်များက တစ်နေ့လျှင် ခြေလှမ်း ၈၀၀၀-၁၀၀၀၀ ခန့်လျှောက်ခြင်းဖြင့် သိသာစွာလျှော့ချနိုင်သကဲ့သို့ အသက် ၆၀ နှစ်အထက်ကိုလည်း ခြေလှမ်း ၆၀၀၀-၈၀၀၀ ကြားလျှောက်ခြင်းဖြင့် သက်ရှည်ကျန်းမာနိုင်မည်ဟု ဖော်ပြခဲ့ကြသည်။

ကိုယ်လက်လှုပ်ရှားကစားခြင်း၏ ခန္ဓာကိုယ်ကြွခိုင်မှုအပေါ် အကြီးမားဆုံးသက်ရောက်မှုမှာ ခန္ဓာကိုယ်တွင်းရှိ နှလုံးနှင့်သွေးလည်ပတ်မှုစနစ်ပြောင်းလဲကောင်းမွန်ခြင်းဖြစ်သည်။ သွေးနီဥ၊ အောက်ဆီဂျင်နှင့် အစာအာဟာရများကို ခန္ဓာကိုယ်အနှံ့ပို့ဆောင်ပေးခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သည်။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေဖြတ်ရောဂါ၊ သွေးတွင်းအဆီများခြင်း၊ အဝလွန်ခြင်းနှင့် ကင်ဆာရောဂါများမဖြစ်ပွားရန်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း ပြန်လည်ကောင်းမွန်အောင် ကုသရာတွင်လည်း အထောက်အပံ့ဖြစ်စေကြောင်း တွေ့ရသည်။ ကိုယ်လက်လှုပ်ရှားကစားခြင်းသည် သွေးပေါင်ချပေးသည့်အပြင် သွေးတွင်းမြင့်တက်နေသော အချိုဓာတ်၊ အဆီဓာတ်များလျော့ကျကာ ခန္ဓာကိုယ်အချိုးအစားကိုထိန်းပေးနိုင်ပြီး ကိုယ်အလေးချိန်လျှော့ချပေးနိုင်သည်။ ထို့ပြင် ကိုယ်ခံစွမ်းအားစနစ်ကို မြှင့်တင်ပေးနိုင်သဖြင့် ရောဂါပိုးကူးစက်ခြင်းကိုလည်း လျှော့နည်းစေနိုင်သည်။

"အားကစားလှုပ်ရှားမှုကို အချိန်ပေးပြုလုပ်သင့်သကဲ့သို့ မိမိတို့ နေ့စဉ်နေထိုင်မှုဘဝတွင်လည်း သွက်လက်စွာလှုပ်ရှားလုပ်ကိုင်သွားလာကြရန်လိုသည်။ အချိန်ကြာမြင့်စွာ တီဗွီကြည့်ရင်း အသင့်စားအစာများ စားသောက်ခြင်း၊ ဖုန်း၊ ကွန်ပျူတာများကြည့်ရှုချိန်များခြင်း၊ လုပ်ငန်းခွင်တွင်ထိုင်၍ အလုပ်လုပ်ချိန်များခြင်းသည် မိမိကျန်းမာရေးကို ထိခိုက်စေနိုင်သည်။"

ပုံမှန်ကိုယ်လက်လှုပ်ရှားကစားခြင်းသည် အရိုးအဆစ်များနှင့် ကြွက်သားများကို သန်မာစေရုံသာမက အရိုးပါးရောဂါနှင့် တချို့သော အဆစ်ရောင်ရောဂါများကိုပါ သက်သာစေနိုင်သည်။ လေ့ကျင့်ခန်းများပြုလုပ်ခြင်းသည် ကြီးထွားမှုကိုအားပေးသည့်ဟော်မုန်း (Growth hormone)၊ အဆီဓာတ်ကို ထိန်းညှိပေးသည့်ဟော်မုန်း(Insulin)တို့ ပိုမိုထွက်လာခြင်းကြောင့် ခန္ဓာကိုယ်ရှိကြွက်သားများ ပိုမိုသန်မာလာစေသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် ကြွက်သားအားလျော့နည်းလာပြီး အရိုးအဆစ်များ မခိုင်မာခြင်းကြောင့် မကြာခဏလဲကျတတ်ခြင်းကိုလည်း ထိုက်သင့်သည့် ကိုယ်လက်လှုပ်ရှားမှုဆောင်ရွက်ခြင်းဖြင့် ဟန်ချက်ပိုမိုထိန်းလာနိုင်ကာ လုပ်ဆောင်နိုင်စွမ်းတိုးတက်လာမည်ဖြစ်သည်။ နေ့စဉ် ခန္ဓာကိုယ်တွင်းနှင့် အရေပြားရှိ ဆဲလ်လေးများသည် ဓာတ်တိုးစွမ်းအင်များကြောင့် ပျက်စီးနေကြရသည်။ ထို့ကြောင့် ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းဆောင်ရွက်ခြင်းဖြင့် ဓာတ်တိုးတိုက်ခိုက်မှုကိုလျှော့ချပြီး အရွယ်မတိုင်မီ အိုမင်းခြင်းကိုသာမက အရေပြားရောဂါများကိုပါ သက်သာစေကြောင်း တွေ့ရှိရသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်သောအခါ ဦးနှောက်အတွင်း သွေးလည်ပတ်မှုကောင်းစေရုံသာမက ဦးနှောက်တွင်း၌ serotonin၊ dopamine၊ norepinephrine စသော ဟော်မုန်းဓာတ်များ ထွက်လာသဖြင့် စိတ်ဖိစီးမှုကိုလျှော့ချပေးကာ စိတ်ဓာတ်တက်ကြွပျော်ရွှင်စေနိုင်သည်။ သုတေသနပြုလုပ်ချက်များအရ ဦးနှောက်အစိတ်အပိုင်းတစ်ခုဖြစ်သော hypothalamus အတွင်း ထိန်းညှိရေးစနစ်များပြောင်းလဲသွားသောကြောင့် စိတ်ဖိစီးမှုဖြစ်စေသည့်ဟော်မုန်းများလျော့ကျသွားသည်။ လေ့ကျင့်ခန်းကို ၁၀ မိနစ်မှ မိနစ် ၃၀ အထိ ပြုလုပ်ခြင်းဖြင့်ပင် စိတ်ဓာတ်တက်ကြွလန်းဆန်းစေနိုင်သည်ဟု ပညာရှင်များကဆိုကြသည်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် စိတ်ပူပန်သောကများခြင်းနှင့် စိတ်ကျရောဂါဖြစ်ခြင်းကို သက်သာစေနိုင်သည့်အပြင် နာကျင်မှုဝေဒနာများ ခံနိုင်ရည်ပိုရှိလာနိုင်သည်။ ဆေးသုတေသနစာတမ်းများအရ အမြဲတမ်းတက်ကြွလှုပ်ရှားနေသူများ၊ ပုံမှန်လှုပ်ရှားအားကစားဆောင်ရွက်နေသူများတွင် လှုပ်ရှားမှုများရပ်တန့်လိုက်ချိန်၌ စိတ်ကျရောဂါ၊ စိတ်ပူပန်မှုများ ခံစားကြရကြောင်း သိရှိရသည်။

ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဦးနှောက်တွင်းရှိ မှတ်ဉာဏ်နှင့်ဆိုင်သော ဦးနှောက်အစိတ်အပိုင်းများကြီးထွားလာသောကြောင့် မှတ်ဉာဏ်ပိုမိုကောင်းမွန်လာစေသည်။ ဦးနှောက်တွင်းသွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ ဦးနှောက်ဖွံ့ဖြိုးမှုဆိုင်ရာဟော်မုန်းများ ထွက်လာခြင်းကြောင့် ဦးနှောက်၏လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် အသက်အရွယ်ကြောင့် ဦးနှောက်ကျုံ့လာခြင်းကို လျှော့ချပေးနိုင်သဖြင့် အယ်လ်ဇိုင်းမားကဲ့သို့သော သက်ကြီးသတိမေ့ရောဂါများတွင် ကုထုံးတစ်ခုဖြစ်လာခဲ့သည်။

လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် ဦးနှောက်နှင့် အာရုံကြောတုံ့ပြန်မှုစနစ်ပြောင်းလဲသွားခြင်းသည် ကြွက်သားများအတွင်းရှိ သကြားဓာတ်နှင့် အဆီဓာတ်ဇီဝဖြစ်စဉ်များကို ထိန်းညှိပေးကြောင်း တွေ့ရှိရသည်။ ကြွက်သားထုသာမက အာရုံကြောနှင့် ကြွက်သားအဆက်များ ခိုင်မာလာသောကြောင့် တုံ့ပြန်မှုများ ပိုမိုတိကျလာသည်။ သုတေသနပြုချက်များအရ လေ့ကျင့်ခန်းများ ပုံမှန်လုပ်ဆောင်ခြင်းဖြင့် ဦးနှောက်အတွင်းပိုင်းနေရာ basal ganglia တွင် ပြောင်းလဲမှုများဖြစ်ပေါ်ကာ ဆုံးဖြတ်နိုင်စွမ်းအားများ တိုးတက်လာသည်။ ထို့ပြင် ဦးနှောက်အတွင်း BDNF ဓာတ်များတက်လာစေပြီး Dopaminergic neurons များ၏သက်တမ်းများ ပိုကြာရှည်လာစေသည်။ ဒိုပါမင်းဓာတ်သည် မှတ်ဉာဏ်ပြန်လည်ဖော်ထုတ်ရာတွင် အရေးပါသကဲ့သို့ မှန်ကန်စွာဆုံးဖြတ်ချက်ချနိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှားမှု လျင်မြန်သွက်လက်စေရေးအတွက် အထောက်အကူပြုသည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းဖြင့်ပင် အိပ်စက်ရန်လွယ်ကူလာပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေနိုင်သည်။ အိပ်စက်ရန်ခက်ခဲသော သက်ကြီးရွယ်အိုများ၊ သက်ကြီးသတိမေ့ရောဂါခံစားနေရသူများ၊ စိတ်ဖိစီးမှုကြောင့် ကောင်းစွာမအိပ်နိုင်သော လူငယ်၊ လူလတ်ပိုင်းများအတွက် ကောင်းစွာအကျိုးပြုနိုင်သည်။ ကောင်းစွာအိပ်ပျော်သဖြင့် လူငယ်၊ လူလတ်ပိုင်းများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာစေနိုင်သကဲ့သို့ သက်ကြီးရွယ်အိုများ၏ နေ့စဉ်နေထိုင်မှုဘဝကို ပိုမိုကောင်းမွန်လာနိုင်မည်။ သို့ရာတွင် အိပ်ရာဝင်ခါနီး ပြင်းထန်စွာလေ့ကျင့်ခန်းများပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

ပုံမှန်ကိုယ်လက်လှုပ်ရှားကစားခြင်းသည် ခန္ဓာကိုယ်တွင်းရှိ ကယ်လိုရီများလောင်ကျွမ်းသွားသဖြင့် အဝလွန်ခြင်းအတွက် အကျိုးပြုရုံအပြင် ခန္ဓာကိုယ်တွင်းအဆီဓာတ်များ နည်းသွားသောကြောင့် မိမိခန္ဓာကိုယ်အချိုးအစားထိန်းလိုသူများအတွက် များစွာအထောက်အကူပြုနိုင်သည်။ ကျစ်လျစ်သွယ်လျသောခန္ဓာကိုယ်ကိုပိုင်ဆိုင်ခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိလာစေသည်။ အရိုးအဆစ်၊ အကြော၊ ကြွက်သားများ ပိုမိုသွက်လက်စွာလှုပ်ရှားနိုင်ခြင်း၊ ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပခြင်း၊ ကာယ၊ ဉာဏ်လုပ်ဆောင်မှုစွမ်းရည်မြင့်တက်လာခြင်းကြောင့် စိတ်ကျေနပ်မှုရစေကာ ပို၍တက်ကြွပျော်ရွှင်လာမည်ဖြစ်သည်။ မိမိမိသားစု၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ပိုမိုကောင်းမွန်သည့်ဆက်ဆံရေးကိုဖော်ဆောင်နိုင်ပြီး နေ့စဉ်လူမှုဘဝကို ပျော်ရွှင်စွာဖြတ်သန်းလာနိုင်မည်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားကစားခြင်းများပြုလုပ်ခြင်းသည် သက်ရှည်ကျန်းမာစေနိုင်သည်သာမက ပျော်ရွှင်ချမ်းမြေ့သော နေ့စဉ် လူနေမှုဘဝကို ရရှိစေနိုင်ခြင်း၊ နုပျိုလှုပစေနိုင်ခြင်းတို့ကြောင့် ကိုယ်လက်လှုပ်ရှားကစားခြင်းကို တတ်နိုင်သမျှ ပုံမှန်ပြုလုပ်ကြရမည်။ ကိုယ်လက်လှုပ်ရှားကစားခြင်းသည် ကောင်းကျိုးများစွာရရှိနိုင်သော်လည်း အခန့်မသင့်ပါက မတော်တဆထိခိုက်အနာတရဖြစ်ခြင်း၊ ခြေလက်ကျိုးခြင်းများဖြစ်နိုင်သည်။ ပြင်းထန်စွာ ကိုယ်လက်လှုပ်ရှားကစားခြင်းကြောင့် ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ နှလုံးမှဒဏ်မခံနိုင်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ပတ်ဝန်းကျင်အပူချိန်များနေချိန်တွင် အပူဒဏ်ခံစားရနိုင်ခြင်းတို့ကို သတိပြုကြရမည်။ ကိုယ်လက်လှုပ်ရှားကစားရာတွင် အန္တရာယ်မရှိသော အားကစားအထောက်အကူပြုကိရိယာများအသုံးပြုခြင်း၊ အားကစားမပြုလုပ်မီ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ရေများများသောက်ခြင်း၊ မောပန်းနွမ်းနယ်မူးဝေလာပါက ချက်ချင်းရပ်လိုက်ခြင်း၊ ရာသီဥတုပူပြင်းလွန်းချိန်တွင် မပြုလုပ်ခြင်းတို့ကို လိုက်နာဆောင်ရွက်သင့်သည်။ မိမိအသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့်ကိုက်ညီသည့် သင့်တော်ရာ၊ မိမိနှစ်သက်ရာ ကိုယ်လက်လှုပ်ရှားကစားခြင်းကို ပုံမှန်ပြုလုပ်ခြင်းဖြင့် သက်ရှည်ကျန်းမာလှပသည့် ဘဝများစွာကို ပိုင်ဆိုင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်ရှိ တောင်ကြီးပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၇


ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ကြီးပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိကာ ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကြံခိုင်ရေး လေ့ကျင့်ခန်း ဆောင်ရွက်နေမှုများကိုလှည့်လည်ကြည့်ရှုသည်။


ထိုသို့ကြည့်ရှုစဉ် မိမိတို့ကိုယ်တိုင် ကျန်းမာကြံခိုင်ရုံသာမက ဆရာ၊ ဆရာမများဖြစ်လာကြသောအခါ တပည့်ကျောင်းသား၊ ကျောင်းသူများကို အားကစားနှင့် ကာယပညာများ ပြန်လည်သင်ကြားပေးနိုင်ရန်အတွက် ယခုအချိန်ကတည်းက ကြိုးစားလေ့ကျင့်သင်ယူထားကြရန် မှာကြားပြီး ပညာရေးဝန်ကြီးဌာနက ဝယ်ယူဖြည့်တင်းပေးထားသော အားကစားပစ္စည်းများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ကြကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးကြုံတွေ့ခဲ့ရသည့် ကျောင်းများဖြစ်ကြသည့် ရွှေညောင်မြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ကလောမြို့နယ် မကွေကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများ၊ရပ်မိရပ်ဖများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုသည်။

ထို့နောက်ကလောမြို့နယ်နန်းပန်တက် အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ယူနေမှုကို ကြည့်ရှုအားပေးကာ အခြေခံပညာအလယ်တန်းပြီးမြောက်အောင်မြင်သူများအနေဖြင့် အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများသို့ ဆက်လက်သင်ယူခွင့်ရရှိနိုင်သည့် အခွင့်အလမ်းများကို ရပ်ရွာပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးအတွက်စည်းရုံးအသိပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)





ဒါးဆိပ်လျှပ်စစ်ရေတင်လုပ်ငန်းနှင့် ဝမ်ပုံရေလှောင်တမံများမှ စိုက်ပျိုးရေပေးဝေနိုင်ရေး ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဒီဇင်ဘာလ ၄ ရက်က လင်းဧးမြို့ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လင်းဧးမြို့နယ်အတွင်း သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်လင်းဧးမြို့နယ် ဒါးဆိပ်ကျေးရွာအနီးရှိ ဒါးဆိပ်လျှပ်စစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး ရေစီမံခန့်ခွဲမှုစနစ်ကောင်းမွန်သည့် ရေသောက်စနစ်ဖြစ်ပေါ်စေရေး၊ ပိုမိုထိရောက်စွာ ရေပေးဝေနိုင်ရေးအတွက် ရေသောက်စနစ်များ ပြုပြင်ဆောင်ရွက်ရေး၊ နည်းလမ်းပေါင်းစုံဖြင့် ရရှိနိုင်သမျှ ရေအရင်းအမြစ်များကွင်းဆင်းရှာဖွေစူးစမ်းလေ့လာဖော်ထုတ်ရေး၊ တောင်သူများရိုးရာစနစ်ဖြင့် တည်ဆောက်ထားသည့် ရေရဟတ်(Water Wheel) များအား လိုအပ်သည့်နည်းပညာအကူအညီများပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နမ့်စန်မြို့နယ်ရှိ ဝမ်ပုံရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်ရေလုံလောက်စွာပေးဝေနိုင်ရေး၊ ရေသောက်စိုက်ပျိုးစိစစ်ဧရိယာများ ပြည့်မီရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်နိုင်ရေးတို့ကို မှာကြားကာ ပင်လုံမြို့စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ပဲပုပ်၊ ကြက်သွန်၊ ကော်ဖီမျိုးများ ဒေသခံတောင်သူများထံ ဖြန့်ဝေနိုင်ရေးအတွက် စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံကို ဒုတိယဝန်ကြီး ဦးသန့်စင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၇

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ မမြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးတို့သည် စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စက်ပစ္စည်းများ အသစ်လဲလှယ်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန်နှင့်ပစ္စည်းအပေါင်းများကို စနစ်တကျစာရင်းပြုစုထားသိုရန်လိုအပ်ကြောင်း၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် တတ်နိုင်သလောက် ပိုမိုဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။



ယင်းနောက်ဒုတိယဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးတို့သည် ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ပေးကာ အင်အားဖြည့်အစားအစာများပေးအပ်ပြီး စက်ပြုပြင်နေမှုအခြေအနေများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေရာကွက်ကျား မိုးရွာမည်

၈-၁၂-၂၀၂၄

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/၈လ)

တည်ထောင်ပြီးစက်မှုဇုန်များ အရွယ်အစား အမျိုးအစား အဆင့်အတန်း တစ်ပြေးညီသတ်မှတ်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၇

တည်ထောင်ပြီးစက်မှုဇုန်များ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်း တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဆေးဝါးသမိုင်းပြခန်း၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ၂၀၂၄ ခုနှစ် မေလ ၂၉ ရက်တွင်ပြုလုပ်သည့်ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေသဆိုင်ရာစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီများကိုနေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေတို့တွင် တည်ထောင်ပြီးစက်မှုဇုန်များ၏အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်း ခွဲခြားသတ်မှတ်ပြီး စက်မှုဇုန်အဖြစ် ပြန်လည်ကြေညာရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ထိုသို့ တည်ထောင်ပြီး စက်မှုဇုန်များအား စက်မှုဇုန်အသစ်အဖြစ် ပြန်လည်ကြေညာနိုင်ရန်အတွက် စက်မှုဇုန်များ၏ မြေပြင်ပကတိအခြေအနေကို မဖြစ်မနေစိစစ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးတွင် စက်မှုဇုန်များ၏ မြေပြင်အခြေအနေကိုသိရှိနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိတည်ထောင်ပြီး စက်မှုဇုန်များကို အပြန်အလှန်စစ်ဆေးရန် (Cross-Check) ဆုံးဖြတ်ခဲ့ကြောင်း၊ စက်မှုဇုန်များအား အပြန်အလှန်စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို နိုဝင်ဘာလ ၁၅ ရက်မှ ဒီဇင်ဘာလ ၁၅ ရက်အထိ အချိန်တစ်လ သတ်မှတ်ပေးပြီး စစ်ဆေးစေခဲ့ကြောင်းနှင့် စက်မှုဇုန်များ၊ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးပေးကြရန်ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များအခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က တည်ထောင်ပြီးစက်မှုဇုန်များ အပြန်အလှန်စစ်ဆေးနိုင်ရေးအတွက် စစ်ဆေးရမည့်အချက်အလက်များ (Check Lists) ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများက စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစားနှင့်အဆင့်အတန်းခွဲခြားသတ်မှတ်နိုင်ရေးအတွက် အပြန်အလှန်စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ကြုံတွေ့ရသည့်အခက်အခဲများကိုဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆွေးနွေး၍ ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ဒဂုံမြို့နယ်ရှိ အမှတ် (၂၄) အကြီးစားစက်ရုံ(ဒဂုံ)သို့ရောက်ရှိပြီး Golden Theraprage Co., Ltd. ၏ ဂျင်းဘောင်းဘီအမျိုးမျိုးချုပ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

Belt and Road တရုတ်-မြန်မာ မီဒီယာပူးပေါင်းရိုက်ကူးမှုအစီအစဉ်များ မိတ်ဆက်ခြင်းနှင့် China Walk အစီအစဉ် ပြသခြင်းအခမ်းအနားကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၇

China Media Group(CMG)နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)တို့ပူးပေါင်းကျင်းပသည့် Belt and Road တရုတ်-မြန်မာနှစ်နိုင်ငံမီဒီယာပူးပေါင်းရိုက်ကူးမှုအစီအစဉ်များမိတ်ဆက်ခြင်းအခမ်းအနားနှင့် တရုတ်သို့ခြေဆန့်ခြင်း(China Walk) အစီအစဉ် စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မင်းရဲကျော်စွာလမ်းရှိတရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

ဦးစွာ Belt and Road တရုတ်-မြန်မာမီဒီယာပူးပေါင်းရိုက်ကူးမှုအစီအစဉ်များမိတ်ဆက်ခြင်းနှင့် China Walk အစီအစဉ်အား မိတ်ဆက်ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ကာလများစွာကြာရှည်ခဲ့ပြီး ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုအစဉ်အလာကောင်းများ ရှိခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ရုပ်မြင်သံကြားနှင့် ရေဒီယို အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ပြသခြင်းကို ပိုမိုဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံပြည်သူများအချင်းချင်းနားလည်မှု ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေမည်ဖြစ်ကြောင်း၊ ယခု CMG နှင့် MRTV တို့ပူးပေါင်းပြီး “စိမ်းလန်းတဲ့ စိုက်ခင်းကမ္ဘာ” စိုက်ပျိုးရေးဆိုင်ရာမှတ်တမ်းရုပ်ရှင်တွဲအသစ် ရိုက်ကူးရေးကို ယခုပွဲတွင်ဆွေးနွေးကြမည်ဖြစ်၍ ကြိုဆိုကြောင်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Minister Counsellor ဖြစ်သူ Mr.Zheng Zhihong က နှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်-မြန်မာမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် China Media Group(CMG)တို့က ရိုက်ကူးရေးအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ “တရုတ်သို့ခြေဆန့်ခြင်း” (China Walk)အစီအစဉ်အဖြစ် “အမှတ်တရယူနန်လက်ဖက်ရွာ”၊ “လှပကောင်းမွန်သောနယ်စပ်ခရီးစဉ်”၊ “မမေ့နိုင်တဲ့ဟိုင်နန်”၊ “စိမ်းလန်းတဲ့ စိုက်ခင်းများဆီသို့”၊ “အိမ်သို့စာတစ်စောင်” စသည့်မှတ်တမ်း Video များကိုပြသရာ တက်ရောက်လာကြသူများကကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှတာဝန်ရှိသူများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ (၅၀၀)

နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီး

နေပြည်တော် ဒီဇင်ဘာ ၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပေါင်းလင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေအား ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတောင်သူများ၏စိုက်ပျိုးမြေဧက ၂၀အတွက် ရာသီမရွေး စိုက်ပျိုးရေလုံလောက်စွာရရှိလာမည်ဖြစ်ပြီး ယခင်က စပါးနှင့်ပြောင်းကို မိုးရာသီကာလတွင်သာ စိုက်ပျိုးနိုင်ခဲ့သော်လည်း ယခုအခါဆောင်းသီးနှံဖြစ်သည့် နေကြာ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးနှင့်လိမ္မော်တို့ကိုပါ သီးထပ်သီးညှပ်အနေဖြင့် စိုက်ပျိုးလာနိုင်မည်ဖြစ်၍ ဒေသခံများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်ကာ လူမှုဘဝဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်လာမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ယခုကဲ့သို့ ရာသီမရွေးစိုက်ပျိုးနိုင်အောင် ရေရရှိရေးဆောင်ရွက်ပေးခြင်းကို ဒေသခံပြည်သူလူထုနှင့် တောင်သူများက များစွာဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး ရေရှည်တည်တံ့အကျိုးရှိစေရေးအတွက်ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ကျေးရွာတာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)



မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၁၉.c	/	၃၀.c
ရန်ကုန်	၂၀.c	/	၃၅.c
မန္တလေး	၁၇.c	/	၃၀.c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဧရာဝတီရိုမြို့နယ်အပါအဝင် မြို့နယ် ၄ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များအတွင်း/အပြင်ရှိ ချို်နွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချို်နွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အလိမ္မာစာမှာရှိ

ပျောက်ဆုံးကြောင်း

ကော့ကရိုတ်မြို့၊ ရပ်ကွက်(၁)နေစုစုစန္ဒီ(ဘ)ဦးမြတင် ၃/ကကရ(နိုင်)၂၈၅၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 875660)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မမိုးသီရိအေး(ဘ)ဦးဝင်းနိုင် ၁၃/နစန(နိုင်)၀၅၅၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 979663)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၁၉၁၄၀၀၀

ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ မခင်မြတ်သူ(ဘ)ဦးသန်းဦး ၁၄/ပသန(နိုင်)၂၉၈၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 414326)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၄

ပျောက်ဆုံးကြောင်း

လမင်းထက်နိုင်(ဘ)မန်းအောင်ထွန်း ၉/နထက(နိုင်)၁၉၁၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

စုစုကြည်(ဘ)ဦးပြိမ် ၁၂/လကန(နိုင်)၂၃၆၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၆၄၉၂၂၀

ပျောက်ဆုံးကြောင်း

ခိုင်ယွန်းလွှာ(ဘ)ဦးစစ်ပို ၁၀/မလမ(နိုင်)၂၃၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 983493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၂၂၄၇၀၇၀

ပျောက်ဆုံးကြောင်း

သန်းသန်းနွယ်(ဘ)ဦးချစ်ရွှေ ၉/ပဘန(နိုင်)၀၀၀၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

ချောစုလှိုင်(ဘ)ဦးတင်မောင် ၈/ငဖန(နိုင်)၀၄၂၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း

မအိခြွေဦး(ဘ)ဦးထွန်းဇော် ၁၂/ထတပ(နိုင်)၁၂၃၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၃၂၁၄၉၀

ပြည်နှံစုံအောင်(ဘ)ဦးသန်းနိုင် ၁၀/မဒန(နိုင်)၂၃၀၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၀၉၃၇

ဇင်မအောင်(ဘ)ဦးသန်းဝင်း ၁၂/မရက(နိုင်)၁၈၄၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၂၄၅၅၆၃၄

ပျောက်ဆုံးကြောင်း

ဧင်မဆိုး(ဘ)ဦးလှစိုး ၁၀/ကထန(နိုင်)၁၃၀၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၈၃၀၁၅၁

ပျောက်ဆုံးကြောင်း

သီတာဝင်း(ဘ)ခွန်တင်ဝင်း ၁၀/သထန(နိုင်)၂၂၈၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၀၁၀၁၃၁

ပျောက်ဆုံးကြောင်း

အိစံ(ဘ)ဦးကျော်ဦး ၁၀/သထန(နိုင်)၂၁၀၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၈၈၀၀၁၅၃

ပျောက်ဆုံးကြောင်း

မသောဝန်ဘီ(ဘ)ဦးဟာဂျီ ၁၀/မလမ(နိုင်)၃၀၅၇၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၂၀၁၅၄၈၃

ပျောက်ဆုံးကြောင်း

အေးသံသာချို(ဘ)ဦးနေမျိုးမောင် ၁၀/မဒန(နိုင်)၂၇၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၆၃၉၃၂၂

ပျောက်ဆုံးကြောင်း

ချစ်မွေးစံ(ဘ)ဦးမြင့်အောင် ၁၀/သထန(နိုင်)၁၉၆၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 976983)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၀၉၃၇

ပျောက်ဆုံးကြောင်း

အောင်ကျော်ဇံ(ဘ)ဦးစံမြင့် ၁၀/မဒန(နိုင်)၁၀၃၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၃၀၉၃၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
လမ်းတံတားဌာန
လေလံခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ကော်မတီနယ်နိမိတ်(၆)မြို့နယ်အတွင်း လမ်းလုပ်ငန်းများတွင် အသုံးပြုပြီးသော ကတ္တရာပုံး၌(၁၂၇၈၅)ပုံးအား လေလံတင်ရောင်းချသွားမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၉-၁၂-၂၀၂၄)

(ခ) လေလံရောင်းချခြင်း ပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန် - (၈-၁၂-၂၀၂၅)(ဗုဒ္ဓဟူးနေ့) ညနေ(၁၆:၀၀)နာရီ

(ဂ) လေလံစပေါ် PO Cheque တင်သွင်းရမည့် နေ့ရက်နှင့်အချိန် - (၉-၁၂-၂၀၂၅) (၀၉:၃၀ မှ ၁၆:၃၀)နာရီထိ

(ဃ) လေလံတစ်စောင် ရောင်းဈေးနှုန်း - ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

၂။ ကတ္တရာပုံးခွံလေလံဆွဲခွင့်လျှောက်လွှာပုံစံအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်းနံပါတ် ၀၉-၄၃၁၈၁၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**သစ်တောမှုန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၅) စပိန်လာလီဂါ ပွဲစဉ်(၁၆)နှင့် အီတလီစီးရီးအေ ပွဲစဉ်(၁၅) ပွဲကြိုသုံးသပ်ချက်



စပါး Vs ချယ်လ်ဆီး

ကစားမည့်ရက်/အချိန်
(၈-၁၂-၂၀၂၄ ည ၁၁:၀၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ချယ်လ်ဆီး ၂ - ၀ စပါး
စပါး ၁ - ၄ ချယ်လ်ဆီး
စပါး ၂ - ၀ ချယ်လ်ဆီး
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
စပါး အိမ်(သရေ) အိမ်(သရေ) ဝေး(ရှုံး)
ချယ်လ်ဆီး ဝေး(နိုင်) အိမ်(နိုင်) ဝေး(နိုင်)

စပါးအသင်းမှာ အဓိကကွင်းလယ်ကစားသမား ဘန်တန်ကူလာ ပွဲပယ်ကြောင့် မပါဝင်နိုင်သေးသလို အဓိကခံစစ်ကစားသမားတွေဖြစ်တဲ့ ဗီကာရီယို၊ ရိုမဲရိုးနဲ့ ဗန်ဒီဗန်တို့ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်း မရှိလို့ စပါးအသင်းအတွက် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရပါတယ်။ စပါးအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားလို့ ဖိအားတွေရှိနေတယ်ဆိုပေမယ့် အသင်းခံစစ်ပိုင်းနဲ့ ကွင်းလယ်ပိုင်းမှာတော့ သိသိသာသာလိုအပ်ချက်တွေရှိနေပြီး ရုန်းကန်နေရပါတယ်။ စပါးအသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ် အိမ်ကွင်းခုနစ်ပွဲကစားပြီး ချိန်မှာ လေးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ထင်သလောက်ကောင်းမွန်နေခြင်းမရှိသေးပါဘူး။ စပါးအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာလည်း မန်စီးတီးအသင်းကိုသာအနိုင်ရရှိခဲ့ပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။

နည်းပြမာရက်စ်ကာလက်အောက်မှာ ပုံစံကောင်းတွေရရှိနေပြီး ရလဒ်တွေ ဆက်တိုက်ကောင်းမွန်နေတဲ့ ချယ်လ်ဆီးအသင်းက အဝေးကွင်းဆိုပေမယ့် စပါးအသင်းကို ခြေစွမ်းပိုင်းအသာစီးနဲ့ ကစားနိုင်မှာပါ။ ချယ်လ်ဆီးအသင်းက နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ အာဆင်နယ်အသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်ရရှိခဲ့တယ်ဆိုပေမယ့် လေးပွဲဆက်တိုက် နိုင်ပွဲရယူထားပါတယ်။ ချယ်လ်ဆီးအသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်အဝေးကွင်းခုနစ်ပွဲကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသရေရလဒ်နဲ့ လီဗာပူးအသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ဂျက်ဆင်ဦးဆောင်နေတဲ့ ချယ်လ်ဆီးအသင်း တိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းအားကောင်းနေသလို ကွင်းလယ်ကစားသမားတွေကပါ ဂိုးသွင်းအားရှိနေလို့ အဓိက ကစားသမားတွေမပါဝင်နိုင်တဲ့ စပါးအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ချယ်လ်ဆီးအသင်းက အကြိမ် ၂၀ အနိုင်ရရှိထားပါတယ်။ စပါးအသင်းက ခြောက်ကြိမ်အနိုင်ရရှိပြီး ၁၁ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရလည်း ချယ်လ်ဆီးအသင်းက အသာစီးမှာရှိနေလို့ အဝေးကွင်းဆိုပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ချယ်လ်ဆီးအသင်းပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - စပါး ၁ - ၃ ချယ်လ်ဆီး

အက်သလက်တီကို Vs ဆီဗီလာ

ကစားမည့်ရက်/အချိန်
(၉-၁၂-၂၀၂၄ နံနက် ၂:၃၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ဆီဗီလာ ၁ - ၀ အက်သလက်တီကို
အက်သလက်တီကို ၁ - ၀ ဆီဗီလာ
အက်သလက်တီကို ၁ - ၀ ဆီဗီလာ
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အက်သလက်တီကို ဝေး(နိုင်) ဝေး(နိုင်) ဝေး(နိုင်)
ဆီဗီလာ အိမ်(နိုင်) အိမ်(သရေ) ဝေး(နိုင်)

အက်သလက်တီကိုအသင်းက ပြီးခဲ့တဲ့အောက်တိုဘာလက ဘတ်တစ်အသင်းကိုရှုံးနိမ့်ပြီး နောက်ပိုင်းမှာ ရလဒ်တွေဆက်တိုက်ကောင်းမွန်လာပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံရှစ်ပွဲဆက်တိုက် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဂရစ်မန်းဇ်နဲ့ အယ်ဗာရက်ဇ်တို့ဦးဆောင်နေတဲ့ အက်သလက်တီကိုအသင်း တိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပြနေပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ ၁၇ ဂိုးရရှိထားပါတယ်။ အက်သလက်တီကိုအသင်းက စပိန်လာလီဂါခုနစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးဘဲ ငါးပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ်ပါ ရပ်တည်နေပါတယ်။ အက်သလက်တီကိုအသင်း ခံစစ်ပိုင်းကလည်း ဒီဘောလုံးရာသီ စပိန်လာလီဂါ ၁၅ ပွဲကစားပြီးချိန်မှာ ရှစ်ဂိုးသာပေးထားရလို့ ဆီဗီလာအသင်းတိုက်စစ်ပိုင်းအတွက် ကျော်ဖြတ်ဖို့ခက်ခဲနေမှာပါ။ အက်သလက်တီကိုအသင်းက အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့လည်း ရမှတ်ကွာဟမှုသိပ်မရှိတော့လို့ ဆက်လက်ဖိအားပေးနိုင်ဖို့အတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာ မဟုတ်ပါဘူး။

ဆီဗီလာအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ပြန်လည်ကောင်းမွန်လာတယ်ဆိုပေမယ့် အဝေးကွင်းမှာ အက်သလက်တီကိုအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့တော့ လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ ဆီဗီလာအသင်းက ဒီဘောလုံးရာသီ စပိန်လာလီဂါ အဝေးကွင်းခုနစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းက ရုန်းကန်နေရတာတွေ့ရမှာပါ။ ဒါပြင် ဆီဗီလာအသင်း ခံစစ်ပိုင်းကလည်း စပိန်လာလီဂါ ၁၅ ပွဲကစားပြီးချိန်မှာ ၁၉ ဂိုးပေးထားရပြီး တည်ငြိမ်မှုအားနည်းနေလို့ အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ လွယ်ကူမှာမဟုတ်ဘဲ ဂိုးပြတ်မရှုံးနိမ့်အောင်သာ ဦးတည်ချက်ထားပြီး ကစားရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အက်သလက်တီကိုအသင်းက ၁၄ ကြိမ် အနိုင်ရရှိထားပါတယ်။ ဆီဗီလာအသင်းက ခုနစ်ကြိမ် အနိုင်ရရှိပြီး ၁၃ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ခြေစွမ်းပိုင်းကလည်း ဒီနှစ်သင်းကြား ကွာခြားမှုတွေရှိနေလို့ အက်သလက်တီကိုအသင်းရဲ့ အနိုင်ရလဒ်က သေချာမှာပါ။

ခန့်မှန်းရလဒ် - အက်သလက်တီကို ၂ - ၀ ဆီဗီလာ

နာပိုလီ Vs လာဇီယို

ကစားမည့်ရက်/အချိန်
(၉-၁၂-၂၀၂၄ နံနက် ၂:၁၅ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
လာဇီယို ၃ - ၁ နာပိုလီ
လာဇီယို ၀ - ၀ နာပိုလီ
နာပိုလီ ၁ - ၂ လာဇီယို
နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
နာပိုလီ အိမ်(နိုင်) ဝေး(နိုင်) ဝေး(ရှုံး)
လာဇီယို အိမ်(သရေ) ဝေး(ရှုံး) အိမ်(နိုင်)

ဒီနှစ်သင်း ဒီဇင်ဘာလ ၆ ရက်က ကိုပါအီတာလီယာဖလားပြိုင်ပွဲမှာ တွေ့ဆုံခဲ့တုန်းက လာဇီယိုအသင်းက အိမ်ကွင်းမှာ ၃ ဂိုး-၁ ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ နာပိုလီအသင်းက ဒီဘောလုံးရာသီ နည်းပြကွန်တီလက်အောက် စီးရီးအေပြိုင်ပွဲမှာ ရလဒ်တွေကောင်းမွန်နေပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နေတယ်ဆိုပေမယ့် အဆင့်(၂)နေရာက အတွဲလန္တာအသင်းနဲ့ ရမှတ်တူညီနေလို့ အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာ မဟုတ်ပါဘူး။ နာပိုလီအသင်းက စီးရီးအေအိမ်ကွင်းခုနစ်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ပြီး ခြောက်ပွဲနိုင်ပွဲရယူနိုင်ခဲ့လို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကောင်းမွန်တဲ့အသင်းတစ်သင်းပါ။

လာဇီယိုအသင်းက အခု အဝေးကွင်းပွဲစဉ်မှာ ရုန်းကန်ရပါလိမ့်မယ်။ လာဇီယိုအသင်းက ဒီဘောလုံးရာသီ စီးရီးအေ အဝေးကွင်းခုနစ်ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိပြီး လေးပွဲရှုံးနိမ့်ခဲ့လို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိပါဘူး။ လာဇီယိုအသင်းခံစစ်ပိုင်းကလည်း အဝေးကွင်းဆိုရင် အမှားအယွင်းများနေလို့ လူကာကူဦးဆောင်လာမယ့် နာပိုလီအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ လာဇီယိုအသင်းက နောက်ပိုင်းပွဲတွေမှာ ရလဒ်တွေကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းဆိုရင်တော့ ရုန်းကန်နေရတာကို သတိထားရမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ နာပိုလီအသင်းက ၁၉ ကြိမ်အနိုင်ရရှိထားပါတယ်။ လာဇီယိုအသင်းက ကိုးကြိမ်အနိုင်ရရှိပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ခြေစွမ်းပိုင်း ကွာခြားမှုမရှိပေမယ့် အိမ်ကွင်းဆိုရင် ကစားပုံတည်ငြိမ်မှုရှိတဲ့ နာပိုလီအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - နာပိုလီ ၂ - ၁ လာဇီယို

ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)

ဖူလ်ဟမ် - **အာဆင်နယ်**
အစ်ဖ်စ်ချ် - ဘုန်းမောက်စ်
လက်စတာ - ဘရိုက်တန်

စပိန်လာလီဂါပွဲစဉ်(၁၆)

လီဂါနက် - **ဆိုစီဒက်စ်**
ဘီလ်ဘာအို - ဗီလာရီးယဲလ်
အိုဆာဆူနာ - အလာဗက်

အီတလီစီးရီးအေပွဲစဉ်(၁၅)

ဖီအိုရင်တီးနား - ကက်ဂလီယာရီ
ဗီရိုနာ - အမ်ပိုလီ
ဗင်နီဇီယာ - **ကိုမို**

စည်သူအောင်



မဟာအောင်မြေမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇


မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေမြို့နယ်အတွင်းရှိဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ချမ်းမြသာစည်မြောက်ရပ်ကွက်ရှိမိုးထားကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်၁၁၀ ပါးနှင့်ဒေသခံပြည်သူ ၁၂၉ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း များဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ကျိုင်းတုံမြို့၏ ဒီဇင်ဘာအားကစားလ၊ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ



တြိုင်္ဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ဒီဇင်ဘာအားကစားလ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၏ ဒီဇင်ဘာအားကစားလ၊ လူထုအားကစားလှုပ်ရှားမှုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ကျောက်တိုင်အိုင်း၌ပြုလုပ်ရာတြိုင်္ဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၁၅၅၂ ဦးခန့်သည် ကျိုင်းတုံမြို့ ကျောက်တိုင်အိုင်းမှ ကျိုင်းတုံ-တောင်ကြီးလမ်းအတိုင်း နောင်တုံကန်ပတ်၍ မဟာမြတ်မုနိဘုရားအဝိုင်းမှ ကျိုင်းတုံမြို့နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ကျိုင်းတုံမြို့နယ်အားကစားကွင်းတွင် စုပေါင်းကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ကြပြီး စုပေါင်းလမ်းလျှောက်ပွဲအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၇-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

မြို့အမည်	ဒီဂရီဆဲလ်စီးယက်	ဒီဂရီဖာရင်ဟိုက်
ဟားခါးမြို့	-၁.၄	၂၉.၅
ပြင်ဦးလွင်မြို့	၆.၅	၄၃.၇
နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)	၆.၇	၄၄.၁
လွိုင်လင်မြို့	၇.၂	၄၅.၀
မြစ်ကြီးနားမြို့	၇.၆	၄၅.၇
ဟဲဟိုးမြို့	၁၀.၅	၅၀.၉
မိုင်းယမ်းမြို့	၁၁.၅	၅၂.၇

တရားမဝင်စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၆ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုးနှင့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၅၈၈၀၄၇)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၈၆၀၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၈၂၇၄၀၈၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှမုံရွာမြို့သို့သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း (၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၄၅၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Kyaw Kyar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၈၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရွာရှည်ရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၄၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၆၉၇၆၇၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး နှင့် Nissan Diesel Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၆၇၅၀၃၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၃၉)၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာလ ၆ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၅၉၉၉၁၂၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေးပြည့်မီမှုမရှိနိုင်ခြင်းနှင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

မလှိုင် ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဒီဇင်ဘာလ ၇ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ယင်းနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝါးခွကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးအတွက် ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးအတွက် ငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ချောင်းဆုံမြို့နယ်၌ ဆောင်းသီးနှံ ၁၃၁၅ ဧက စိုက်ပျိုးပြီးစီး



ချောင်းဆုံ ဒီဇင်ဘာ ၇

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုး၊ ဝင်ငွေတိုးပွားစေရန်နှင့် စားသုံးဆီဖူလုံစေရန်အတွက် ယခင်နှစ်များကထက် ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်ထိ ဆောင်းသီးနှံ ၁၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအလိုက် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်၊ တောင်သူများ မျိုးကောင်းမျိုးသန့်များ စနစ်တကျရွေးချယ်စိုက်ပျိုးနိုင်ရန်၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် သွင်းအားစုသဘာဝမြေဩဇာများ ဖြန့်ဝေပေးခြင်းနှင့် ပိုးသတ်ဆေးသုံးစွဲရေးနည်းလမ်းများကို စိုက်ပျိုးရေးဝန်ထမ်းများကကွင်းဆင်းပြီး အသိပညာပေးဆွေးနွေးပွဲများဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်ကပြောသည်။

ချောင်းဆုံမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၃၉၃၇ ဧက၊ မြေပဲ ၁၃၆၃ ဧက၊ နှမ်း ၂၅ ဧက၊ နွေစပါး ၁၂၄ ဧကနှင့် ပဲအမျိုးမျိုး ၃၉၉၂ ဧက စုစုပေါင်း ဆောင်းသီးနှံ ၉၄၄၁ ဧက စိုက်ပျိုးနိုင်ရန်လျာထားပြီး အဆိုပါသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး တောင်သူများလိုအပ်သည်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

သယ်နှုန်းကျွန်းမြို့နယ်၌ လူငယ်ကလွှမ်းမြုံတင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ကလွှမ်းမြုံတင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၆ ရက်က သယ်နှုန်းကျွန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း သပြေညိုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် အထက်တန်းပြဆရာမ ဒေါ်စောမြမြသွင်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကြပြီး Grade-11 မှ မောင်အောင်ကျော်ဦးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade-10 မှ မအိုင်းချစ်သဲက လူငယ်နှင့် စာပေ၊ မောင်ထက်ပိုင်လင်းက လူငယ်နှင့်စာရိတ္တ၊ မန္တယ်နွယ်အောင်က လူငယ်နှင့်ကျန်းမာရေး၊ မဟန်စုပြည့်ကျော်က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သူရိန်(ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံပိသာ ၁၉၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဒီဇင်ဘာ ၇


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ငါးပိမျိုးစုံပိသာ ၁၉၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သန်းသန်းရီ၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးပိမျိုးစုံပိသာ ၁၉၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလတစ်လတာကာလအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးပိမျိုးစုံပိသာ ၁၉၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်လိုအားကောင်းတော့ ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းလည်းကောင်းလာပါတယ်။ လက်ရှိ ငါးပိတွေကို ရန်ကုန်ဈေးကွက်အပြင် တခြားဒေသတွေကပါ မှာယူနေပါတယ်" ဟု ဒေါ်သန်းသန်းရီကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးငါးပိ၊ ငါးပနေသ်ငါးပိ၊ ငါးပြေမငါးပိ စသည့်ရေချို ငါးပိများ အများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

သုတကျော်



ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

COPPER 99.99%

SIGMA
CABLE & WIRE



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပမှာ အထူးစီမံ ထုတ်လုပ်ထားပါသည်။



အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

THE BEST QUALITY TYRE

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၅၂၉၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Quality For You
ဗီဂ၀ါ ပလတ်စတစ်လှုသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
အရည်အသွေးမှာ အာကာင်းဆုံး ဗီဂ၀ါ



သစ်ပင်တွေရှင်သန်ပို့ ရေအစက်ချကိုအသုံးပြုခြင်း



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၃၆၈၉၊ ၀၉-၆၉၈၃၃၅၅၃၃

အင်ဂျီးခွ သကြားစက်မှုထုတ်လုပ်သည်

အင်ဂျီးခွ









INNGAGWA

White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာစဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက် နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟုဝါဒတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်းပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့ည‌နေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက် ဘက် သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာလ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

တရားမဝင်စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

နိုင်ငံတကာသတင်း

စာ - ၂၃ သို့

ရုရှားက ဘယ်လာရုစ်၌ Oreshnik ဒုံးကျည်များ ချထားမည်

ပြိတိန်နိုင်ငံတစ်ဝန်းသို့ မုန်တိုင်းဒဏ်ရောက်တိုက်ခတ်မီးလောင်ပေါက်ကွဲမှုကြောင့် သဟေ့မြို့ရှိ သုံးထပ်အိမ်ရာပြိုကျ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၅ ရက် နံနက် ၉ နာရီခွဲအချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မဟုန်လွယ်ကျေးရွာအနီး၌ အိုက်ခေးမောင်းနှင်လာသည့် HILUX REVO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား တာချီလိတ်မြို့နယ်မှ မိုင်းဆတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

ဖမ်းဆီးရမိသူနှင့် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။



စနေနေ့ဘောလုံးပွဲရလဒ်များ

အင်္ဂလန်ပရီမီးယားလိဂ်

ဗီလာ	၁ - ၀	ဆောက်သမ်တန်
ဘရန်တို့ဖို့	၄ - ၂	နယူးကာဆယ်
ပဲလေ့	၂ - ၂	မန်စီးတီး

စပိန်လာလီဂါ

ဆဲလ်တာဗီဂို	၂ - ၀	မာယောဂ်ကာ
ဘက်တစ်	၂ - ၂	ဘာစီလိုနာ

ဂျာမန်ဘွန်ဒက်လီဂါ

စတုဂတ်	၃ - ၂	ယူနီယံဘာလင်
လေဗာကူဆင်	၂ - ၁	စိန့်ပါလီ
ဘိုင်ယန်	၄ - ၂	ဟိုက်ဒန်ဟိမ်း

